www.burmeseclassic.com



BURMESE CLASSIC .com

# ဧဒဝဓဖြူ

သိသရာအကျဉ်းသား

www.burmeseclassic.com

www.burmeseclassic.com

## (ပါဝင်သည့်အခန်းများ)


၁။ လမိုက်ည သန်းခေါင်ယံ

၂။ ရှေ့ဖြစ်ဟောသည့် မိန်းမကြီး

၃။ အဖွားအို၏အတိတ်ဖောက်ကြွေခင်း

၄။ ကြေကွဲရမည့်နမိတ်

၅။ ကောက်ရ၏ကံကြမ္မာ

၆။ ဘဝများစွာနှင့် လူဝင်စား

၇။ သေတွင်းမှ လွတ်မြောက်ခြင်း

၈။ သံသရာအကျဉ်းသား


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူထုတ်ဝေပြီးသောစာအုပ်များ

၁။ သချိုင်းစောင့်ကစ္ဆေ
၂။ ဝိညာဉ့်လိပ်ပြာ
၃။ ကစ္ဆေရောင်းရန်ရှိသည်
၄။ မရဏာရနံ့
၅။ သွေးသောက်တဲ့မြင်
၆။ မိစ္ဆာဝေဠလ ဝေဟာသပုံးမွေ
၇။ ကစ္ဆေမင်းသမီး
၈။ သမုဒယ ဝိညာဉ်
၉။ ငှက်ဆိုးကျိန်စာ
၁၀။ အိပ်မက်ဆိုးသံသရာ
၁၁။ မီးလျှံကြားမှသရဖူ
၁၂။ တမလွန်နိမိတ်
၁၃။ ဝဋ်ကြွေးကြမ္မာ ဝက်ပါ
၁၄။ အဝိဇ္ဇာရဲ့တိုက်
၁၅။ ဝိညာဉ်နက်ဖကရီ
၁၆။ ခန္ဓာနှင့် ဝိညာဉ်
၁၇။ ဥပါဒါန် မုန်တိုင်း
၁၈။ မရဏာတမာန်
၁၉။ မိစ္ဆာမုဆိုး

www.burmeseclassic.com

www.burmeseclassic.com


၂၀။ ငရဲသို့ဖြတ်လမ်း
၂၁။ သေတမ်းကစားသူ
၂၂။ ဒြပ်မဲ့ခန္ဓာ
၂၃။ မရဏာတံခါး၏အခြားတစ်ဖက်
၂၄။ တာမလွန်ခရီးသွား
၂၅။ လကွယ်ညအိပ်မက်ဆိုး

ယံခုလ

၂၆။ သံသရာအကျဉ်းသား

BURMESE CLASSIC .com

သူ့ရှေ့ကားလမ်းပေါ်တွင် ရပ်နေသော ဖြူဖြူအရာ တစ်ခုတွေ့လိုက်ရသည်။အဝတ်အစားတွေကဖြူဖြူ။ ရှည်လျားသော ဆံပင်တွေကဖြူဖြူ။ လူလား သရဲလား။ ဝေခွဲမရ။ သို့သော် ..

နွေမိုးဆောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com


## ( ၁ ) လမ်းမိုက်ညသန်းခေါင်ယံ

BURMESE CLASSIC .com

လမိုက်ည။

ဤနေရာတဝိုက်မှ လမ်းခါတ်မီးတိုင်များသည် မီးမလာတာကများသည်။ ရှည်လျားနက်မှောင်သော.. လမ်းပေါ်တွင် သူ့ကားမီးနှစ်လုံး၏ အလင်းရောင်ကလွဲ၍၊ တခြားအလင်းရောင်ဟူ၍မရှိ။ သူ့အလုပ်ပြန်ချိန်ဆိုလျှင်.. ဤလမ်းတလျှောက်မှာ ကားသွားကားလာရှင်းနေတတ်သည်။ သို့သော် ဤလမ်းမှာ.. ကျော်လင်းဝေအနေနှင့် အမြဲတမ်းသွားလာနေ


www.burmeseclassic.com

www.burmeseclassic.com

ကျူလမ်းဖြစ်သဖြင့် စိုးရိမ်ကြောင့်ကျစိတ် လုံးဝမရှိချေ။

အမြဲတမ်း ကျော်လင်းဝေသည် ပုံမှန်အားဖြင့်၊ ညစဉ် (၇)နာရီလောက်ပြန်ဖြစ်၏။ယနေ့လိုပေါင်ပိတ်ရက်များတွင် နောက်ကျလေ့ရှိသည်။ယနေ့ သူမဂ္ဂဇင်းတိုက်ကထွက်လာတော့ ကိုးနာရီထိုးနေပေပြီ။ခင်ဘုန်းဆင့်ကပင် အလုပ်ဆင်းဖို့ ဆော်ဩလိုက်၏။

"ဟေ့ .. ကိုးနာရီထိုးတော့မယ်။ တို့ အလုပ်သိမ်းရင်ကောင်းမယ်"

'အိပ်မက်ကမ္ဘာ' ဟုအမည်ပေးထားသည့်.. ဖက်ရှင်မဂ္ဂဇင်းရုံးခန်းထဲတွင် သူတို့သုံးယောက်သာကျန်တော့သည်။ ကွန်ပျူတာစာစီစာရိုက်သူ၊ စာမျက်နှာပေါင်ဖွဲ့သူ၊ ဒီဇိုင်းဆရာ စသည်ဖြင့် ကျန်ဝန်ထမ်းများမှာထုံးစံအတိုင်း (၅)နာရီလောက်ကပင် ရုံဆင်းကာ အသီးသီးပြန်သွားကြလေသည်။ အခန်းထဲတွင်ဤမဂ္ဂဇင်း၏ လူကြီးများဟုဆိုနိုင်သည့် မင်းဇော်၊ ကျော်လင်းဝေနှင့် ခင်ဘုန်းဆင့်တို့သာ.. ကျန်တော့သည်။မဂ္ဂဇင်းတစ်စောင်ကို ဦးစီးလုပ်နေသဖြင့်သာ လူကြီးများဟု.. ခေါ်ဆိုလိုက်ရသော်လည်း သူတို့သုံးယောက်လုံး၏ အသက်မှာ (၂၅)ထက် ဘယ်သူမှမကျော်ကြသေးချေ။

တက္ကသိုလ်တက်စဉ်ကတည်းက သူတို့သုံးယောက်





ခင်မင်ခဲ့ကြသည်။ ကျောင်းပြီးသောအခါ နဂိုကတည်းကဝါသနာပါသော ကွာလတီမဂ္ဂဇင်းတစ်စောင်ကို ထုတ်ဝေရန်စိစဉ်ကြသည်။

အဓိကငွေကြေးစိုက်ထုတ်သူက သူတို့သုံးယောက်ထဲတွင် အချမ်းသာဆုံးဟုဆိုနိုင်သည့် မင်းဇော်ဖြစ်၏။သူက... ငွေစိုက်ထုတ်သူအဖြစ်သာမက မဂ္ဂဇင်းအုပ်ချုပ်ရေးမှူးအဖြစ်ပါ ဟာဝန်ယူသည်။ကျော်လင်းဝေကတော့ အယ်ဒီတာချုပ်။ ခင်ဘုန်းဆင့်က တာဝန်ခံအယ်ဒီတာ။ မူလလက်ဟောင်းမဂ္ဂဇင်းကြီးများမှ အယ်ဒီတာလက်ဟောင်းကြီးများက၊ ပထမတွင် လူပုံက မလောက်လေးမလောက်စားနှင့်၊ တာဝန်ကြီးတွေယူထားသော သူတို့ကိုကြည့်ကာ.. သရော်ပြုံးပြုံးချင်ကြသည်။ သို့သော် သူတို့သည် လူငယ်များပီပီ အမြင်သစ်၊ အယူအဆသစ်များဖြင့် မဂ္ဂဇင်းကိုပြင်ဆင်ပြနိုင်ခဲ့ရာ စဈေးချင်းမှာပင်၊ လူငယ်ထုအကြားတွင် ရေပန်းစား၍အောင်မြင်သည့် မဂ္ဂဇင်းတစ်စောင်ဘဝရောက်ခဲ့၏။

"ဟုတ်ပါတယ်ကွာ.. ကိုဝေပြန်ရမှာဝေးတယ်။သိမ်းကြတာပေါ့"

ဟု မင်းဇော်က လက်ခံလိုက်သည်။ ကိုဝေဟုခေါ်သော ကျော်လင်းဝေပြန်ရမည့်နေရာက၊အတော်ကလေးဝေး



www.burmeseclassic.com

www.burmeseclassic.com

သည်။ မင်္ဂလာဒုံ ပိုင်ယာလက်စ်ဟုခေါ်သောအရပ်တွင်ဖြစ်သည်။ သူမိဘတွေက အေးအေးဆေးဆေးနေချင်ကြသဖြင့် မြို့ပြင်ကျသောထိုနေရာတွင် တစ်ထပ်တိုက်ကလေးတစ်လုံးဆောက်နေသည်။ သူတို့တွင် ဆလွန်းကားဟောင်းလေးတစ်စီးရှိ၏။ထိုကားကလေးကို ကျော်လင်းဝေအလုပ်သွားအလုပ်ပြန်သုံးဖို့ပေးထားသည်။ဒီတော့ ကားမောင်းပြန်လျှင် လေးဆယ့်ငါးမိနစ်ဆို အိမ်ပြန်ရောက်နိုင်သည်။

ရှစ်ထပ်တွင်ရှိနေသော သူတို့မဂ္ဂဇင်းတည်ရာရုံးခန်းမှ သုံးယောက်သား ဓါတ်လှေကားနှင့် အတူတူဆင်းခဲ့ကြသည်။ မြေညီထပ်မှာ ဓါတ်လှေကားကဆုံးသွား၏။ ကားများရပ်နားထားရာ မြေအောက်ထပ်ကို သူတို့ဆင်းခဲ့ကြ၏။ ထိုနေရာတဝိုက်တွင်.. အလင်းရောင်က အားနည်းလှ၏။လူကလည်း ရှင်းလင်းခြောက်ကပ်နေ၏။ အဖော်မပါပဲ.. တစ်ယောက်တည်းသာဆိုလျှင်၊ ဓိတ်ခြောက်ခြားတုန်လှုပ်ဖွယ်ရာကောင်းလှပေမည်။

"မနက်ဖြန် မနက်စောစောလာကြဟေ့"

ခေါင်းဆောင်ဖြစ်သူမင်းဇော်က. ဆော်ဩလိုက်ပြန်သည်။ ခင်ဘုန်းဆင့်က ..

"ကိုဇော်ကလည်း ဘာလို့ ဒီလောက်လောနေရတာ





လဲ.."

"စောစောဖေါင်ပိတ်တော့ မဂ္ဂဇင်းကို စောစောရုံးတင်နိုင်တာပေါ့။ နင်တို့လည်းသိရဲ့သားနဲ့။ မဂ္ဂဇင်းက စောထွက်လေ ရောင်းရလေဆိုတာကို"

ဒါတော့ ဟုတ်သည်။သူက မဂ္ဂဇင်းပိုင်ရှင်ဆိုတော့ ဈေးကွက်ကိုကြည့်တာသဘာဝကျပါသည်။ကျော်လင်းဝေက

"တစ်ရက်နှစ်ရက်နေရင် ရုံးတင်နိုင်ပါပြီကွာ။ မင်းပဲ ကာဗာကိစ္စ အဆင်ပြေအောင်လုပ်"

မင်းဇော်က.... အပျော်တမ်းဓါတ်ပုံ ဝါသနာရှင်ဖြစ်သည်။ သို့သော်.. သူ့ဓါတ်ပုံလက်ရာတွေက မဆိုးလှ။သူတို့မဂ္ဂဇင်းကာဗာ မျက်နှာဖုံးတွေကို သူ့ဓါတ်ပုံတွေဖြင့်သာ အသုံးပြုခဲ့သည်။ သို့သော် ဒီလတော့ စိတ်ကြိုက်မော်ဒယ်ရှာမတွေ့သေးဟုဆိုကာ ယခုအချိန်အထိ မရိုက်နိုင်သေး။ နာမည်ကြီးတွေကို ကာဗာရိုက်ဖို့ ဆက်သွယ်ရတာက၊ တစ်ခါတစ်ရံ အောက်ကျနောက်ကျနိုင်သည်။ မင်းဇော် စိတ်နှင့်မဖြစ်။တစ်ခါက ကိမ်းကြီးခန်းကြီးနိုင်သည့် ရုပ်ရှင်မင်းသမီးပေါက်စတစ်ယောက်နှင့် စကားများခဲ့ဖူးသည်။

"ဒီလတော့ ငါက ဘယ်သူမှမသိသေးတဲ့ မျက်နှာသစ်တစ်ယောက်ကိုမျက်နှာဖုံးတင်မယ်စိတ်ကူးထား



www.burmeseclassic.com

www.burmeseclassic.com



တယ်။မျက်နှာဖုံးက.. အချိန်ရပါတယ်။နောက်ဆက်တွဲစာမူကျမှတင်ရင်လည်း ဖြစ်တာပဲ။ မင်းတို့သာ.. မဂ္ဂဇင်းကို မြန်မြန်ဖောင်ပိတ်ကြ"

ဟု မင်းဇော်က ပြောလိုက်၏။ ကျော်လင်းဝေက..

"ဆင့်ဆင့်ရဲ့ ဖက်ရှင်ဆောင်းပါးစောင့်နေရလို့ဟ"

"ငါ့ကို လွှဲမချနဲ့။ မနက်ဖြန်ရမယ်"

သူငယ်ချင်းတွေဆိုတော့ ဒီလိုပင် တစ်ယောက်တစ်ခွန်း ပြောလေ့ရှိကြသည်။ကားပေါ်တက်ကာကိုယ့်ကားကိုယ်မောင်းထွက်လာခဲ့ကြသည်။ သူတို့ပြန်ရမှာက တစ်ယောက်တစ်လမ်း။ မင်းဇော်က ရွှေတောင်ကြားမှာနေသည်။ ခင်ဘုန်းဆင့်က ပါရမီမှာနေသည်။

ကားရှေ့မီးနှစ်လုံးကို အားကုန်ဖွင့်ထားသည့်အဝေးပြေးကားကြီးတစ်စီးက ဂူးကနဲနေအောင် သူ့ဘေးမှ အရှိန်ပြင်းပြင်းဖြတ်မောင်းသွားတော့မှ၊ ကျော်လင်းဝေ သတိပြန်လည်လာသည်။ကားမောင်းနေရင်း သူ့စိတ်တွေက ပြန်လွင့်သွား၏။ ဒီလိုဖြစ်တာမကောင်း။ ဘေးဝဲယာကိုကြည့်လိုက်တော့ မှောင်နှင့်မည်းမည်း။

သို့သော် ခုနမင်္ဂလာဒုံဈေးကို ကျော်လာတာ သတိထားမိခဲ့၏။ ကျိုက္ကလို့ဘုရားနား ရောက်လာပြီ။ ဒီနားမှာ





လမ်းနှင့်မလှမ်းမကမ်း၌ သချိုင်းဟောင်းတစ်ခုရှိတာ.. သူအမှတ်ရလာ၏။မနက်ပိုင်းဆိုလျှင် ဤသချိုင်းဟောင်းကို၊ကားမောင်းသွားရင်း ထင်ထင်ရှားရှားမြင်ရသည်။မြေပုံမို့မို့၊ မှတ်တိုင်အကျိုးအပဲ့များ။ ပျက်စီးနေသည့်.. အုတ်ဂူအနည်းငယ်၊ ခွေးများတူးယက်ထားသဖြင့် ပေါ်ထွက်နေဟန်တူသော လူအရိုးအရိုး။

ကြက်သီး ဖြန်းကနဲထသွား၏။သူကကြောက်တတ်သူတော့ မဟုတ်။သို့သော်.. ညကြီးအချိန်မတော် မှောင်နှင့်မည်းမည်းတစ်ယောက်တည်း၊သချိုင်းဘေးက ဖြတ်လျှောက်သွားရသည်ဆိုလျှင်တော့.. ဘယ်သူမဆို စိတ်ထဲတွင်မသိုးမသန့် ဖြစ်မိမည်ထင်သည်။ သို့သော်... သူကသချိုင်းရှိရာဘက်သို့ မရဲတရဲလှည့်ကြည့်မိသေး၏။ လကွယ်ညမို့အမှောင်ထုကလွှဲ၍ ဘာမှမမြင်ရ။ သို့သော် ..

သူ့မျက်နှာကို ရှေ့ပြန်အလှည့်လိုက်မှာပင်.. သူ့ရှေ့ကားလမ်းပေါ်တွင် ရပ်နေသော.. ဖြူဖြူအရာတစ်ခုကိုတွေ့လိုက်ရသည်။ အဝတ်အစားတွေကဖြူဖြူ။ရှည်လျားသောဆံပင်တွေကလည်း ဖြူဖြူ။ လူလားသရဲလား ဝေခွဲမရ။

သို့သော် မတိုက်မိအောင်ကားကို တစ်ဘက်သို့ဆွဲချလိုက်သည်။ သူ့ကားက လမ်းဘေးသို့ ဒယိမ်းဒယိုင်ဆင်း



www.burmeseclassic.com

www.burmeseclassic.com

၍သွားသည်။ ပြီးတော့ သစ်ပင်ကြီးတစ်ပင်ကို ခေါင်းချင်းဆိုင်တိုက်မိ၏။ ကျယ်လောင်သော မြည်ဟီးသံတစ်ချက်ကို ကြားလိုက်ရပြီးနောက်.. သူ သတိလစ်၍ သွားပါလေတော့သည်။





သူ..သတိပြန်ရတော့ ကျဉ်းမြောင်းသည့်အိမ်ကလေးတစ်လုံး၏ ကုတင်ပေါ်ရောက်နေတာ ကျော်လင်းဝေ သတိထားမိ၏။ကုတင်က.. ကုတင်စုတ်ကလေး။ မွေ့ယာမရှိ။ဖျာတစ်ချပ်ပေါ်တွင် သူလှဲနေသည်။ သူ့ခေါင်းအောက်မှာတော့ ညစ်ထပ်ထပ် ခေါင်းအုံးလေးတစ်လုံး။ ခပ်လှမ်းလှမ်း စားပွဲပေါ်တွင်.. ဖယောင်းတိုင်တစ်တိုင်ထွန်းညှိထား၏။ ခုနိုမိုးထရံကာ ခတ်စုတ်စုတ်အိမ်လေးတစ်လုံးသာဖြစ်ကြောင်း၊သိသာလှသည်။ သူဘာကြောင့် ဒီကိုရောက်နေရတာလဲ။

သူ့တစ်ကိုယ်လုံး ဘာဖုကြီးကြီးမားမား၊ထိခိုက်မှုမရှိ



www.burmeseclassic.com

www.burmeseclassic.com

တာကိုပင် ကျေးဇူးတင်ရပေဦးမည်။အိမ်ထဲတွင် ဘယ်သူမှ မတွေ့ရ။

"မင်း .. သတိရလာပြီလား"

အသံကြားရာ သူလှည့်ကြည့်လိုက်တော့ ရုတ်တရက်လန့်၍သွားသည်။ အခန်းထောင့်ခတ်မှောင်မှောင် ပက်လက်ကုလားထိုင်တစ်လုံးတွင် ဖြူဖြူအရာတစ်ခု။ တကယ်တော့ လူတစ်ယောက်ထိုင်နေခြင်းပင်။

တိတိကျကျပြောရလျှင်.. အင်္ကျီဖြူဖြူ ဆံပင်ဖြူဖြူတွေကို၊ ဖါးလျားချထားသော မိန်းမအိုကြီးတစ်ယောက်။သူ ကားတိုက်မှုမဖြစ်မီ နောက်ဆုံးမြင်လိုက်ရသော.. မိန်းမကြီးပင်။

"ကျွန်တော် ဘယ်ရောက်နေတာလဲ.."

"မင်း ဒီအိမ်နဲ့မနီးဝေးမှာ.... ကားတိုက်မှုဖြစ်တယ်။ မင်းကို ငါက ဒီအိမ်ကိုခေါ်လာတာပဲ"

မိန်းမကြီးက ပက်လက်ကုလားထိုင်ပေါ်မှမထပဲ မှုံ့ကုတ်ကုတ်မျက်နှာနှင့် ပြောဆိုနေသည်။ ဒီအိမ်ထဲရောက်ရှိနေတာကို သူ့စိတ်ထဲမှာ မသိုးမသန့်ဖြစ်နေ၏။ ဆက်၍နေချင်စိတ်မရှိ။ ထို့ကြောင့် ..

"ကျွန်တော်ပြန်တော့မယ်.."





ဟုပြောလိုက်သည်။ မိန်းမကြီးက ..

"မင်းနဲ့ငါနဲ့ မကြာခင် ပြန်ဆုံကြဦးမှာပါ"

ဟု ပြောလိုက်လေသည်။ ဘာဆုံစရာရှိသလဲ။ဒီလို အရုပ်ဆိုးဆိုးမိန်းမအိုကြီးတစ်ယောက်နဲ့၊ ဘာအကြောင်းနှင့်မှ ပြန်လည်ဆုံဆည်းစရာမရှိ။ သူ အိမ်ကလေးထဲက ခပ်သွက်သွက်ထွက်လာခဲ့၏။ဤအနီးတဝိုက်၌ ရွာကလေးတစ်ရွာရှိသည်ဟု သူသိထား၏။သို့သော် အနီးအနားတွင်တော့ တခြားအိမ်များကို မတွေ့ရ။ ကြယ်ရောင်မှိန်ပျပျကိုအားကိုးကာ၊ကျဉ်းမြောင်းသည့် မညီမညာမြေနီလမ်းကလေးအတိုင်း အနည်းငယ်လျှောက်မိတော့ ကတ္တရာလမ်းပေါ် ပြန်ရောက်သွား၏။

သူ့အိမ်နှင့် သိပ်တော့မဝေးလှတော့။ ဤနေရာတွင် ငှားစီးစရာ ကားလည်းမရှိ။လမ်းလျှောက်သွားရအောင်လည်း အဖေါ်မပါ။ တစ်ယောက်တည်းဆိုတော့ စိတ်ပျက်စရာ။ထို့ကြောင့် ခပ်လှမ်းလှမ်း ဓါတ်တိုင်အောက်တွင် တွေ့ရသည့် ဆိုက်ကားဂိတ်သို့လျှောက်သွားကာ ဆိုက်ကားငှားစီးရင်းပြန်ခဲ့ရလေသည်။


www.burmeseclassic.com

www.burmeseclassic.com

မီးပွိုင့်တွင်ကားကိုရပ်ကာ မီးစိမ်းလာတာစောင့်ရင်း မင်းဇော်က..မျက်နှာဖုံးကိုစွပ် စိတ်ပူပန်နေမိ၏။စိတ်ကြိုက်မော်ဒယ် မျက်နှာသစ်ကလေးတစ်ယောက်လောက် ရလိုက်လျှင် တော်တော်အဆင်ပြေပေမည်။ ရှေ့က မီးပွိုင့်ကစိမ်းသွား၏။ သူက ကားထွက်ရန်ပြင်လိုက်သည်။

ကားက ဘီးလိမ့်စပြုစဥ်မှာပင် ပလက်ဖေါင်းပေါ်မှ ရုတ်တရက် လမ်းပေါ်ဆင်းလိုက်သည့် ကောင်မလေးတစ်ယောက်ကြောင့်၊သူ့ကားဘရိတ်ကို အမြန်ပြန်နင်းလိုက်ရ၏။ တော်ပါသေးသည်။ နောက်က.. ကားမရှိပေလို့။ နေ့ခင်းလို





သာ ကားအသွားအလာများခိုက်ဆိုလျှင်၊ နောက်ကကားက သူ့ကားကို ဝင်တိုက်ပေပေတော့မည်။

သူက ကားတံခါးဖွင့်ကာ ဒေါသတကြီးဆင်းလိုက်၏။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ.."

ကတ္တရာလမ်းပေါ်ကျနေသော ပန်းသီးတွေကောက်နေရာမှ၊ ကောင်မလေးက သူ့ကိုလှည့်ကြည့်၏။ ပုခုံးပေါ် ဝဲကျနေသော နီညိုညိုဆံပင်တွန့်တွန့်တွေနှင့် ဖြူသန့်စိုပြေသော မျက်နှာလှလှကလေးကြောင့်၊သူတဒင်္ဂဆွံ့အသွား၏။ ကောင်မလေးက ထ,ရပ်လိုက်လေသည်။

ဂျင်းဘောင်းဘီကျပ်ကျပ်နှင့် တီရှပ်ဝါဝါ၊ အရပ်အမောင်းက.. သူနှင့်ပင်မတိမ်းမယိမ်း။မိန်းကလေးတစ်ယောက်အတွက်တော့၊အတန်ငယ်ရှည်သောအရပ်ဟု ထင်စရာရှိ၏။ သို့သော် သူကအရပ်ရှည်သောမိန်းကလေးတွေကို သဘောကျသည်။ ကောင်မလေးက ညိုးငယ်သော မျက်နှာကလေးဖြင့် အသနားခံသလိုကြည့်ကာ ..

"ဆောရီးပဲ .. အိတ်ထဲကပန်းသီးတွေက ထွက်ကျသွားလို့ လမ်းပေါ်ဆင်းကောက်လိုက်တာ။ ရုတ်တရက် မီးပွိုင့်ကစိမ်းသွားလိမ့်မယ်လည်း မထင်လို့ပါ



www.burmeseclassic.com

www.burmeseclassic.com

စိတ်မရှိပါနဲ့နော်"

ဟု ယဉ်ယဉ်ကျေးကျေး တောင်းပန်နေ၏။ သူ့ရင်ထဲကဒေါသတွေက လေနှင့်တွေ့သောမြူတွေလို လွင့်ပါး၍သွားသည်။ သူ ဘာဆက်ပြောရမှန်းမသိ။ ထိုအချိန်မှာပင် ကောင်မလေးက သူ့ကိုကျောပေးထွက်ခွာသွားသည်။နောက်ကားတွေက ရပ်ထားသည့်သူ့ကားကို ကွေ့ပတ်ကာ ကျော်တက်မောင်းနှင်နေကြ၏။ မင်းဇော် သူ့ကားပေါ် ပြန်တက်ကာ၊ ထိုနေရာမှ မောင်းနှင်ထွက်လာခဲ့သည်။

သူ့ခေါင်းထဲတွင် လင်းလက်သွားသော..အရာတစ်ခုရှိ၏။ သူမျက်နှာဖုံးရိုက်ရန်ရှာဖွေနေသည့် မျက်နှာသစ်မော်ဒယ်ဆိုတာ ရုတ်တရက်တွေ့လိုက်ရသည့် ဤကောင်မလေးပုံစံမျိုးဖြစ်သည်။ ဤကောင်မလေးကသာ ခွင့်ပြုမယ်ဆိုရင် သူက အလှဆုံးပုံရိုက်ကာ 'အိပ်မက်ကမ္ဘာ' မဂ္ဂဇင်းမျက်နှာဖုံး တင်လိုက်ချင်ပါသည်။ သို့သော် ဒါတွေက သူ့စိတ်ကူးယဉ်အိပ်မက် မက်နေခြင်းသာဖြစ်ပေသည်။ ကောင်မလေးက ဘယ်မှာနေသလဲ။ သူမသိ။ကောင်မလေးနာမည်တောင် သူမသိ။ နှုတ်စလျှာစနည်းသော သူ့ကိုယ်သူသာ စိတ်ထဲက ကြိတ်၍ အပြစ်တင်လိုက်မိလေတော့သည်။





ရွှေဂုံတိုင်လမ်းဆုံအရောက်.. မီးပွိုင့်တွင် သူ့ကားကို ခင်ဘုန်းဆင့် ရပ်လိုက်ရ၏။ ရှေ့မှာ တော်တော်ရှည်သော ကားတန်းကြီး။ ဤနေရာရောက်တိုင်း ဒီလိုမီးပွိုင့်မှာ ကားပိတ်နေတာနှင့် ကြုံရလေ့ရှိတာမဆန်းတော့။နေ့ခင်းဆိုလျှင်.. ကားတွေက ပိုများသေး၏။

သူ့ဘေးကို ကိုးနှစ်ဆယ်နှစ်အရွယ် ကောင်လေး တစ်ယောက်ရောက်လာကာ၊ ဂျာနယ်ရောင်း၏။ဒီလိုပင်ကား ရပ်ထားတုန်း၊ဈေးရောင်းသူအမျိုးမျိုးရောက်လာတတ်၏။ပန်း ရောင်း၏။ စီးကရက်ကွမ်းယာရောင်း၏။ကလေးကစားစရာ



www.burmeseclassic.com

www.burmeseclassic.com

ရောင်းသူပင် တွေ့ရတတ်၏။သူက ပြီးစလွယ် လက်ခါပြ လိုက်သည်။ သို့သော် ကောင်လေးကရပ်နေမြဲ။ထွက်မသွား ပဲ ကားမှန်တံခါးကိုခေါက်၏။ ဒီလောက်ကဲလာတော့ ခင် ဘုန်းဆင့် အနည်းငယ်စိတ်တိုသွားသည်။ဈေးရောင်းနေတာ ကို အပြစ်မပြောချင်။ သို့သော် ဒီလိုအတင်းအဓမ္မတော့ မ ရောင်းသင့်။

ထို့ကြောင့် ကားမှန်ကိုချကာ ဒေါသဖြင့် ..

"ငါ .. မဝယ်ဘူးလို့ ပြောနေတယ်မဟုတ်လား"

"ကျွန်တော်က.. ရောင်းနေတာမဟုတ်ဘူး။ ဝယ်နေ တာ"

ကောင်လေးစကားက ကြီးကျယ်ရာကျ၏။ပြီးတော့ ရုတ်တရက် ခင်ဘုန်းဆင့် နားမလည်။

"မင်းက ဘာဝယ်နေတာလဲ.."

"မော်တော်ကား .."

ကောင်လေးက သူ့ရှေ့ ကားဒက်ရှ်ဘုတ်ပေါ်တွင် တင်ထားသည့် မော်တော်ကားကလေးတွေကို လက်ညှိုးထိုး ပြ၏။ခင်ဘုန်းဆင့်က ကားသရဲဖြစ်သည်။ မိန်းကလေးတန် မဲ့ ကားကိုမက်မော၏။ ကားကိုမကြာခဏ..ပြောင်းစီးလေ့ရှိ သလို ကားရုပ်ကလေးတွေလည်း ဝယ်လေ့ရှိ၏။





ယခုလည်း သူ့ကားရှေ့ခုံပေါ်တွင် ရောင်စုံကားရုပ် သေးသေးကလေး(၅)ခုကို စီကာဆင်ကာတင်ထား၏။ကား ကလေးတွေက သေးသေးကလေးတွေပင်ဖြစ်သော်လည်း နိုင် ငံခြားဖြစ်ဖြစ်သဖြင့်၊လှပသေသပ်သည်။ဈေးကလည်းထောင် ချီပေးရ၏။ ထို့ကြောင့် ချာတိတ်အား ..

"မင်းက ဘယ်လောက်ပေးမှာလဲ.."

ဟု စချင်နောက်ချင်စိတ်ဖြင့် ပြောလိုက်သည်။ချာ တိတ် ဘယ်နည်းနှင့်မှ တန်ရာတန်ကြေး ပေးမဝယ်နိုင်မှန်း သူက သိနေ၏။ ကောင်လေးက ..

"ကျွန်တော့်မှာ ပိုက်ဆံမပါဘူး"

"ပိုက်ဆံမပါပဲနဲ့ ဘာနဲ့ဝယ်မှာလဲ.."

"ဒါနဲ့လဲမှာ.."

ချာတိတ်က ဆုတ်ထားသောသူ့လက်တစ်ဖက်ကိုဖွင့် ပြတော့ ခွေးရုပ်ကလေးတစ်ရုပ်။

"ငါ .. မလိုချင်ဘူး"

"ခင်ဗျား ခွေးမချစ်ဘူးလား"

ဤစကားကတော့ သူ့ရင်ကို ထိခိုက်စေသည်။ တ ကယ်တော့ ခင်ဘုန်းဆင့်က ခွေးချစ်သူတစ်ဦးဖြစ်သည်။ထို အချိန်မှာပင် မီးပွိုင့်ကစိမ်းသွား၏။ သူက.. ကားကိုမောင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်လိုက်စဉ်မှာပင် ကောင်လေးကဆတ်ကနဲ မှန်ပြတင်းမှ တဆင့် ကားတစ်စီးကို ကောက်ယူလိုက်သည်။

ခင်ဘုန်းဆင့်က ထိုလက်ကို လှမ်းတားသော်လည်း မရတော့။ ကားရုပ်ကလေးက သူ့လက်ထဲပါသွားသည်။သူ့လက်ထဲက ခွေးရုပ်ကလေးကတော့ ထိုကားလေးနေရာတွင် ရောက်၍နေလေသည်။





အလုအယက်ကြိုက်သော ခင်ဘုန်းဆင့်မှာ.. အဖွားကြီး၏ အရုပ်ဆိုးလှသည့် မျက်နှာကိုမြင်တော့.. ထိတ်လန့်သွား၏။ မှောင်ထဲမှာသာမြင်ရလျှင် သရဲတစ်ကောင်ဟုထင်မှတ်ကာ လိပ်ပြာလွင့်၍ပင် သွားနိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ( ၂ ) ရှေ့ဖြစ်ဟောသည့် မိန်းမကြီး

"နှင့်ကားရုပ်တွေကြားထဲမှာ ခွေးရုပ်ကလေးတစ်ရုပ်က ဘယ်လိုလုပ်ရောက်နေတာလဲ.."

ကားမောင်းနေသည့် ခင်ဘုန်းဆင့်ဘေးတွင် ထိုင်စီးကာလိုက်ပါလာရင်းမှ ကျော်လင်းဝေက မေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်။ ခင်ဘုန်းဆင့်ကားဒက်ရှ်ဘုတ်ပေါ်တွင် ကားရုပ်ကလေးတွေတင်ထားတာ သူမြင်နေကျ။ အခုတော့ ထိုကားရုပ်တွေကြားထဲတွင်၊ ထူးထူးဆန်းဆန်း ခွေးရုပ်ကလေး



www.burmeseclassic.com

www.burmeseclassic.com

တစ်ရုပ်ရောက်၍နေသည်။ ခင်ဘုန်းဆင့်က ကားမောင်းနေရင်း မကျေမချမ်းအမူအယာဖြင့် ..

"မနေ့က ကောင်လေးတစ်ကောင် လူလည်ကျသွားတာပေါ့"

ဟု မီးပွိုင့်တွင် ဆုံခဲ့သည့် ကောင်လေးအကြောင်း ပြန်ပြောင်းပြောပြလိုက်သည်။

"ဒီတစ်ခါ..အဲဒီကောင်လေးကိုတွေ့ရင်တော့ ခေါင်းခေါက်ပစ်လိုက်ဦးမယ်"

ဆိုတော့ ကျော်လင်းဝေက ရယ်၍နေသည်။ သူတို့သူငယ်ချင်းသုံးယောက်ထဲတွင် ခင်ဘုန်းဆင့်က.. လူလည်မလေးတစ်ယောက်ဖြစ်၏။အခု ကတုံးပေါ်ထိပ်ကွက်တာကြားလိုက်ရသဖြင့် ကျော်လင်းဝေသဘောကျသွားခြင်းဖြစ်သည်။ သူကားပျက်နေရာသို့ ခင်ဘုန်းဆင့်က ကားဖြင့်လိုက်ပို့ခြင်းဖြစ်သည်။ ကားဝပ်ရှော့တစ်ခုကို ဖုန်းဆက်ထားသေး၏။

"ဟောဟိုရှေ့နားမှာပဲတွေ့လား။ ငါ့ကားအနီလေး"

ကျော်လင်းဝေက.. ညွှန်ပြလိုက်သည်။ကားကိုအရင်ရောက်ရှိနေသော ကားပြင်ဆရာက စက်ဖုံးဖွင့်ကာစစ်ဆေးနေတာတွေ့ရ၏။ ကားဘေးနားတွင်ရပ်နေသော မနေ့ညကတွေ့ခဲ့ရသည့် မိန်းမကြီးကိုပါမြင်လိုက်ရ၏။





သူတို့ကားကို အနီးတွင်ရပ်ကာ၊ ဆင်းလိုက်ကြရင်း ဝပ်ရှော့ဆရာအား ..

"ကျွန်တော့်ကားအခြေအနေ ဘယ်လိုလဲ.."

"သိပ်ဆိုးဆိုးဝါးဝါးတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဝပ်ရှော့တော့ ယူသွားပြီးပြင်ရလိမ့်မယ်။ ကျွန်တော်လာဆွဲဖို့ကားလည်း ဖုန်းဆက်ခေါ်ထားပြီးပါပြီ"

ကျော်လင်းဝေက သူ့ကားကိုစောင့်ပေးနေသော အဘွားကြီးကို ကျေးဇူးတင် စကားပြောရန် လှည့်ကြည့်လိုက်တော့ အဘွားကြီးရှိမနေတော့။

"အဘွားကြီး ဘယ်ရောက်သွားတာလဲ.."

"ဘယ်က အဘွားကြီးလဲ.."

"ခုန ဒီကားနားမှာရပ်နေတဲ့ အဘွားကြီးလေ"

"ငါတော့ မမြင်ပါဘူး"

ခင်ဘုန်းဆင့်က ပြောသည်။ သူကလည်း ကြောင်တောင်တောင်။ သူတို့နှစ်ယောက် ထိုအဘွားကြီး အိမ်ရှိရာသို့လျှောက်လာခဲ့ကြသည်။အိမ်ကလေးက. .နံနက်လင်းတော့ ပို၍စုတ်ခြာနေတာ မြင်ရသည်။ အိမ်ထဲကို..ဝင်လာခဲ့သည်။ ပက်လက်ကုလားထိုင်တွင်ထိုင်ကာ အိပ်ငိုက်နေသော၊အဖွားကြီးကိုတွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

"အဖွား .."

သူခေါ်လိုက်တော့ အဖွားကြီးက မော့ကြည့်သည်။ အလှအပကြိုက်သော ခင်ဘုန်းဆင့်မှာ.. အဖွားကြီး၏အရှုပ်ဆိုးလှသည့် မျက်နှာကိုမြင်တော့.. ထိတ်လန့်သွား၏။မှောင်ထဲမှာသာမြင်ရလျှင် သရဲတစ်ကောင်ဟု ထင်မှတ်ကာ လိပ်ပြာလွင့်၍ပင် သွားနိုင်လေသည်။

"နင့်ဟာက လူလားသရဲလား"

"လူပါဟ.."

ခင်ဘုန်းဆင့်က အိမ်ထဲကအခြေအနေကိုလှည့်ပတ်ကြည့်ရှုကာ ..

"ငါ.. အပြင်ကပဲ စောင့်နေမယ်"

ဟုပြောရင်း အိမ်ထဲက..ခပ်သွက်သွက်ထွက်ခွာသွားလေသည်။ယခုလို.. လင်းလင်းချင်းချင်းမြင်ရတော့မှ အဖွားကြီးရုပ်ရည်မှာ တော်တော်ဆိုးဝါးမှန်း သိလိုက်ရ၏။

သူ့ဆံပင်တွေက ဖွေးဖွေးဖြူဖြူနေသည်။ မျက်လုံးတစ်ဖက်ကပျက်နေ၏။ နှာခေါင်းကတိုတိုလန်လန်။ ကွမ်းစားထားသောပါးစပ်က သွေးစုတ်ဖုတ်ကောင်တစ်ကောင်လို နီရဲနေသေး၏။ လက်ချောင်းတွေက ရှည်ရှည်ငေါငေါ။ အရိုးပေါ်အရည်တင်။





"မင်းသူငယ်ချင်းက ဒီနေရာကိုမနှစ်သက်ဘူး ထင်ပါတယ်"

"အဖွားက ကျွန်တော့်ကားကို စောင့်ရှောက်ထားတဲ့အတွက်ရော၊ ညကကူညီခဲ့တဲ့အတွက်ရော ကျေးဇူးတင်ပါတယ်လို့ လာပြောတာပါ"

"ငါပြောသားပဲ ..မင်းနဲ့ငါ ပြန်တွေ့ကြရဦးမယ်လို့ သံသရာဆိုတာ ကျဉ်းကျဉ်းလေးပါ"

"ဗျာ.."

ထိုစကားကို ရုတ်တရက်.ကျော်လင်းဝေနားမလည်။ အဖွားကြီးက ..

"သတ္တဝါတွေဟာ.. နိဗ္ဗာန်မရောက်ခင်စပ်ကြား သံသရာမှာ ကျင်လည်နေရတာပဲ။ ဒီတော့.. အားလုံးဟာ တွေ့ကြဆုံကြပေါ့။ တွေ့ကြမယ် ဆုံကြမယ် ကွဲကြမယ်။ ပြီးရင်ပြန်ဆုံကြမယ်"

အဖွားကြီးက. သူ့ကိုစကားပြောတာနှင့်မတူ။ သူ့ဖါသာတစ်ကိုယ်တည်းရည်ရွတ်နေတာနှင့်တူနေ၏။ထို့ကြောင့်.. သူက ဆက်မနေတော့ပဲ၊ ထိုနေရာမှ ပြန်လှည့်အထွက်တွင်

"မင်း အပေါ်ထပ်မှာ အလုပ်လုပ်တာတော့ကောင်းပါတယ်။ဒါပေမယ့် အခန်းကျဉ်းကလေးထဲမဝင်နဲ့"


www.burmeseclassic.com

www.burmeseclassic.com

ဟု လှမ်းပြောလိုက်၏။ ကျော်လင်းဝေက ..

"ကျွန်တော်က ဒီလမ်းက နေ့တိုင်းသွားနေရတာဆိုတော့ နောက်လည်း ဝင်လာခဲ့ပါဦးမယ်"

"ဟုတ်တာပေါ့။ မင်း နောက်လည်းလာရဦးမှာပါ"

သူ့စကားကို သံယောင်လိုက်ကာပြောသည်။ ကျော်လင်းဝေကဲ.. ခပ်သွက်သွက်ထွက်လာခဲ့၏။ သစ်ပင်တစ်ပင်အောက်တွင် သူ့ကိုစောင့်နေသော ခင်ဘုန်းဆင့်က ..

"နင်က ဘာလို့ ဒီလောက်ကြာနေရတာလဲ။ ငါ့မှာ ဖြင့်ကြောက်လှပြီ"

"ဘာကိုကြောက်တာလဲ.."

ဆိုတော့ ဘေးဘီကိုကြည့်ကာ ..

"မမြင်ဘူးလား။ ဒီနေရာက. သင်္ချိုင်းဟောင်းတစ်ခုပဲ"

ဟု ပုခုံးတွန့်ရင်းပြော၏။ ကျော်လင်းဝေက. အားပေးသလို၊ခင်ဘုန်းဆင့်လက်ကိုဆွဲကာ ထွက်လာခဲ့ကြသည်။ ကားလမ်းပေါ် ရောက်ကာနီး၊ တောင်းတစ်တောင်းရွက်လာသည့် ရွာထဲမှဖြစ်ဟန်တူသော၊ မိန်းမဝဝကြီး တစ်ယောက်နှင့်တွေ့ရာ ကျော်လင်းဝေက ..

"အဒေါ် .. အဒေါ် ဟောဟိုအိမ်က အဖွားကြီးကို





သိလား"

ဟု အိမ်ကလေးကို လက်ညှိုးထိုးပြကာ မေးလိုက်မိ၏။ ထိုမိန်းမကြီးက သူညွှန်ပြသော တဲကိုကြည့်ကာ..

"ဘယ်သူလဲ .. ဒေါ်အိုစာလား"

"နာမည်တော့ မသိဘူး။ မျက်စိတစ်ဖက်ပျက်နေတဲ့ အဖွားကိုပြောတာ"

"ဟုတ်တယ် .. အဲဒါ ဒေါ်အိုစာပဲ"

"ဟင် .. စုန်းမကြီးတစ်ယောက်ရဲ့နာမည်ပဲ"

ခင်ဘုန်းဆင့်က မှတ်ချက်ချ၏။ ထိုအဒေါ်ကြီးက..

"သူလည်း စုန်းမကြီးပဲလေ"

"ဗျာ .. ဒီခေတ်မှာ ဒီလိုပညာတွေရှိလို့လား"

ကျော်လင်းဝေက လက်မခံနိုင်။

"တို့လည်း မသိဘူး။ ပြောတဲ့သူတွေက ပြောတာ။ တစ်ခုတော့ရှိတယ်။ စိတ်ကောင်းကောင်းတော့နဲ့ပုံမရဘူး။ ရွာထဲကလူတွေနဲ့လည်း သိပ် အဆက်အဆံမရှိဘူး။ သူ့မြေးလေးတစ်ယောက်နဲ့ပဲ.. အတူနေတာ"

သူတို့က ကျေးဇူးတင်စကားပြောကာ.. ထွက်လာခဲ့လေသည်။ အပြန်ခရီးတွင် ကားမောင်းလာရင်း ခင်ဘုန်း



www.burmeseclassic.com

www.burmeseclassic.com

ဆင့်က ..

"ငါတော့ ကြည့်ရမြင်ရတာ.. တစ်မျိုးကြီးပဲ..။ နင် လည်း နောက် အဲဒီနေရာကို မသွားနဲ့တော့ကွဲ" ဟု တားမြစ်စကား ပြောဆိုလိုက်လေသည်။





မီးပွိုင့်တွင် မီးစိမ်းသည်အထိ သူ့ကားကိုရပ်ကာ.. စောင့်နေရင်း မင်းဇော်သည် မနေ့ညကတွေ့ခဲ့ရသည့်ကောင်မလေးကို ထပ်တွေ့လိုတွေ့ငြား၊ ဘေးဘီဝန်းကျင်ကို လှည့်ပတ်ကာ.. ရှာဖွေကြည့်မိ၏။ အရိပ်အယောင်မျှပင် မတွေ့ရ။ နောက်တစ်ဖန် ပြန်တွေ့ဖို့မလွယ်။ သူက သက်ပြင်းချကာ၊ မီးပွိုင့်စိမ်းသည်နှင့် ကားကိုမောင်းထွက်လာခဲ့သည်။

ကားက ခပ်ဝေးဝေး မမောင်းလိုက်ရ။ သက်တန့်ဥယျာဉ် ဆိုသောအမည်နှင့် ပန်းအလှဆိုင်ကလေးတစ်ဆိုင်ကို တွေ့လိုက်ရသဖြင့်၊ ကားကိုထိုဆိုင်ကလေးရှေ့တွင် ထိုးရပ်


www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ဒီဆိုင်ကလေး အရင်ကမတွေ့။ ဖွင့်တာရက်ပိုင်း မျှသာ ရှိပုံရသေး၏။ လက်ဆောင်ပစ္စည်းမျိုးစုံနှင့် ပန်းအလှပြင်ဆိုင်ကလေးတွေကို သူသဘောကျသည်။

မှန်ချပ်များကာရံထားသဖြင့် အထဲမှ များမြောင်လှစွာသော ခန်းလုံးပြည့်မျှပန်းရောင်စုံတွေကို သူမြင်နေရ၏။ သူက မှန်တံခါးကိုတွန်းဖွင့်ကာ.. လေအေးပေးစက်တပ်ဆင်ထားသော အခန်းထဲဝင်လိုက်၏။

သူစားပွဲပေါ်မှာအမြဲပင်၊ ပန်းအလှစိုက်အိုးလေးတစ်အိုးထားတတ်သည်။သဘာဝပန်းရနံ့.. လတ်လတ်ဆတ်ဆတ်သည် အကောင်းဆုံးဆိုသော တန်ဘိုးကြီးရေမွှေးထက် လူ့စိတ်နှလုံးကို ပိုမိုလန်းဆန်းစေနိုင်သည်ဟု သူကထင်မြင်နေသည်။ ကြုံတုန်း ပန်းနည်းနည်းဝယ်သွားမည်ဟူသော ရည်ရွယ်ချက်ဖြင့် သူ ဝင်လိုက်သော်လည်း၊ ရုတ်တရက်.. ပန်းပေါင်းစုံအလယ် ရောက်သွားသောအခါ ဘာပန်းကို ဝယ်ရမည်ဟု ဝေခွဲမရဖြစ်နေ၏။

"ဘယ်လိုပန်းမျိုးကို လိုချင်လို့ပါလဲရှင်"

ဟူသောအသံကြောင့် သူလှည့်ကြည့်လိုက်သည်။ဒီအသံကို သူ့စိတ်ထဲတွင် ကြားဖူးသလိုလိုရှိသည်။မနေ့ညက ကောင်မလေး။ ဒီတစ်ခါတော့ ကောင်မလေးက ချစ်စရာကောင်းသော စာနားတပ်ဂါဝန်အပြုံးနှင့်ဖြစ်နေ၏။ ကောင်မလေးကတော့ ရုတ်တရက် သူ့ကိုမှတ်မိဟန်မတူ။ သူက အဖော်ရွေ အချိုသာဆုံး အပြုံးဖြင့်ပြုံးကာ ..

"မနေ့ညက ကျွန်တော်တို့ မီးပွိုင့်မှာဆုံခဲ့ကြဖူးပြီးပြီလေ"

ဟု.. အစဖော်ပေးလိုက်ရ၏။ကောင်မလေးကလည်း ရှိုသာစွာပြုံးကာ..

"ဪ ..မှတ်မိပါပြီ။အဲဒီတုန်းက ကျွန်မမတောင်းပန်လိုက်မိဘူးထင်တယ်"

"တကယ်တော့ ကျွန်တော့်ဘက်ကလွန်သွားတာပါ"

"အို .. ကျွန်မစိတ်ထဲက ဘယ်လိုမှသဘောမထားပါဘူး"

"အဲဒါကို ခင်ဗျား သက်သေပြနိုင်ပါ့မလား"

"ရှင် .."

"ကျွန်တော်နဲ့ ကော်ဖီ လိုက်သောက်နိုင်ရင်.. ကျွန်တော်ယုံမယ်"

သူတို့ မျက်နှာချင်းဆိုင်က ကော်ဖီဆိုင်ကလေးတွင် တူတူထိုင်မိကြသည်။

"ကျွန်တော်က ပြန်တွေ့ချင်နေတာ"





www.burmeseclassic.com

www.burmeseclassic.com

"ရှင် .."

"ဟို ... တလွဲမတွေးပါနဲ့။ လုပ်စရာကိစ္စလေးရှိလို့ပါ"

"အဲဒါက ပိုအံ့ဩစရာတောင် ကောင်းနေပြီ"

"အင်း ..ရှင်းရှင်းလင်းလင်းရှိအောင် ပြောရရင်၊ခင်ဗျားကို ကျွန်တော်ဓါတ်ပုံရိုက်ချင်လို့ .."

"ပိုတောင် နားမလည်နိုင်သေးတယ်"

မင်းဇော်က သူ့ဇစ်ဇစ်တင်းကတ်ကလေး ထုတ်ပေးလိုက်သည်။

"အိပ်မက်ကမ္ဘာမဂ္ဂဇင်းရဲ့ မျက်နှာဖုံးအနေနဲ့သုံးချင်လို့ပါ"

"ဘာဖြစ်လို့လဲ ..ကျွန်မက ရုပ်ရှင်မင်းသမီးလည်းမဟုတ်။ အဆိုတော်လည်း မဟုတ်။ မော်ဒယ်ဂဲလ်လည်း မဟုတ်"

"အဲဒါကြောင့် ရိုက်ချင်တာပေါ့။ဒါမှတခြားမဂ္ဂဇင်းတွေနဲ့ မတူပဲထူးခြားမှာပေါ့"

"ဒီအလုပ်မျိုးလည်း ကျွန်မမလုပ်ဖူးဘူး"

"ပန်းအလှပြင်တာလောက် မခက်ခဲပါဘူး"

"ကျွန်မ စဉ်းစားပါရစေဦး"





"ကောင်းပါပြီ။ ကျွန်တော်ထပ်လာခဲ့ဦးမယ်။ ဖြစ်နိုင်ရင်တော့ ကျွန်တော့်ကို ကူညီစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ချိန် နောက်ကျနေသည့်အတွက် အဆောက်အဦးထဲကို ကျော်လင်းဝေ ခပ်သွက်သွက်ဝင်လာခဲ့သည်။သူတို့မဂ္ဂဇင်းရုံးခန်းက ဤ၇ှစ်ထပ်အဆောက်အဦး၏ အပေါ်ဆုံးထပ်တွင် ရှိနေလေသည်။ ထို့ကြောင့်.. သူတို့သည်ဓါတ်လှေကားကိုပင် အများဆုံး အသုံးပြုလေ့ရှိကြသည်။

ဓါတ်လှေကားက လူရှင်းနေ၏။ ကျော်လင်းဝေက ဓါတ်လှေကားထဲဝင်ကာ နံပါတ်(၈)ခလုတ်ကို နှိပ်လိုက်၏။ ဓါတ်လှေကားက တရွေ့ရွေ့တက်လာသည်။ ဓါတ်လှေကားထဲတွင်၊အလင်းရောင်ကအားနည်းနေသဖြင့်၊ခပ်မှောင်မှောင်။





နံရံပြောင်ပြောင်တွင် လူရိပ်သဏ္ဍာန်တစ်ခုကို တွေ့လိုက်ရသဖြင့် သူ့ရုတ်တရက်လန့်သွား၏။ သေသေချာချာကြည့်လိုက်တော့မှ သူ့ပုံအရိပ်ထင်နေတာဖြစ်ကြောင်း သိလိုက်ရသည်။ သူက မချိပြုံးပြုံးလိုက်၏။

သူက၊တကယ်ဆိုလျှင် ဒီလိုအခန်းကျဉ်းကလေးတွေထဲမှာ တစ်ကိုယ်တည်းရှိနေခြင်းကို နှစ်မြို့သူမဟုတ်။ကျော်လင်းဝေငယ်စဉ်က၊အင်မတန်စည်းကမ်းကြီးသောအဖေသည် သူ သဘောမကျတာလုပ်တိုင်း ကျော်လင်းဝေကို စတိုခန်းကျဉ်းကျဉ်းကလေးထဲထည့်ကာ၊ ပိတ်လှောင်ပြီး အပြစ်ပေးလေ့ရှိ၏။

ကျဉ်းကြပ်ကာမည်းမှောင်သည့်..အခန်းကျဉ်းကလေးထဲတွင် နာရီပေါင်းများစွာ ပိတ်လှောင်ခံခဲ့ရသည့် လူမမယ်ကလေးတစ်ယောက်၏ နုနယ်သည့်နှလုံးသားမှာ ဒဏ်ရာဒဏ်ချက်ရခဲ့သည်မှာ မလွဲပင်ဖြစ်လေသည်။ ထိုငယ်စဉ်က အစွဲက..ယခုထက်တိုင် သူ့ကိုခြောက်လှန့်နိုင်ဆဲဖြစ်၏။ဓါတ်လှေကားစီးစိုက်များတွင်လည်း အဖေါ်အပေါင်းနှင့်ဆိုလျှင်ပြဿနာမရှိသော်လည်း၊ တစ်ယောက်တည်းဆိုလျှင် ထိတ်ရွံ့စိတ်ဝင်နေတတ်သည်။ ယခုလည်း ..

ရင်ထဲတွင် တထင့်ထင့်ဖြစ်နေစဉ်..ရုတ်တရက်ဓါတ်



www.burmeseclassic.com

www.burmeseclassic.com

လေ့ကားကမိးပျက်၍ လမ်းခုလတ်မှာရပ်တန့်နေသောအခါ..

ကျဉ်းကြပ်ကာ မည်းမှောင်သော အခန်းကလေးထဲတွင်..ကျော်လင်းဝေသည် ထိတ်လန့်တုန်လှုပ်ခြောက်ခြားနေလေတော့သည်။





"မဖြစ်နိုင်ပါဘူး။ အဖွားကြီးက အကြားအမြင်ရနေလို့လား။ သူထင်ရာပြောလိုက်တာနဲ့ နင်ကြုံရတာနဲ့ တိုက်ဆိုင်သွားတာ ဖြစ်မှာပါ။ ဒီလိုပဲ လောကမှာ တိုက်ဆိုင်မှုတွေ အများကြီးရှိတာ နင်သိသားနဲ့ .."


www.burmeseclassic.com

www.burmeseclassic.com


## ( ၃ ) အဖွားအို၏ အတိတ်ဇာတ်ကြောင်း

ခင်ဘုန်းဆင့်၏ စားပွဲပေါ်တွင် ထောင်ထားသည့် ဓါတ်ပုံတစ်ပုံရှိသည်။ ထူးခြားသည်မှာ ထိုဓါတ်ပုံသည် လူတစ်ယောက်၏ဓါတ်ပုံ။ အဆောက်အဦးတစ်ခုခု၏..ဓါတ်ပုံ။ ရှုမျှော်ခင်းတစ်ခုခု၏ ဓါတ်ပုံမဟုတ်ပဲ တိရစ္ဆာန်တစ်ကောင်၏ဓါတ်ပုံ ဖြစ်နေခြင်းပင်ဖြစ်သည်။ တိတိကျကျဆိုရသော် ခွေးကလေးတစ်ကောင်၏ ပုံပင်ဖြစ်လေသည်။

ခွေးက.. အမွေးပွအမျိုးအစား နိုင်ငံခြားမျိုး "ဘိုခွေး"


www.burmeseclassic.com

www.burmeseclassic.com

ဟုခေါ်သော အမိုးတန်ခွေးမျိုးကားမဟုတ်။သာမန်ဗမာခွေး လေးတစ်ကောင်ပင်ဖြစ်သည်။ ဤခွေးကလေးကိုဘာကြောင့် ဒီလို အမှတ်တရ ဓါတ်ပုံရိုက်ကူးကာ စားပွဲပေါ်တင်ထားရ သနည်း။ ဤခွေးကလေးနှင့် ပတ်သက်လာလျှင်၊ အမှတ်ရ ဖွယ်ရာ အတိတ်ဇာတ်ကြောင်းလေး တစ်ခုရှိနေတာကြောင့် ဖြစ်လေသည်။

သူတို့သုံးယောက် ခပ်ငယ်ငယ်က .. အလယ်တန်း ကျောင်းသူကျောင်းသားဘဝက၊ တစ်ရက်.. ကျောင်းလွှတ်၍ အိမ်အပြန်တွင် လမ်းဘေးအမှိုက်ပုံ၌ခွေးပေါက်ကလေးတစ် ကောင်ကိုတွေ့ရ၏။ ခွေးလေးမှာ အတော်ပင်ဆာလောင်နေ ပုံရသဖြင့် ခင်ဘုန်းဆင့်က သူစားလာသည့် လက်ထဲကမုန့် ကလေးကို ချကျွေးသောအခါ၊ အားရပါးရ စားလေတော့ သည်။စား၍ကုန်သောအခါ.. ခင်ဘုန်းဆင့်နောက်ကိုကောက် ကောက်ပါအောင်လိုက်လာတော့၏။

"ခွေးကလေးက ဆာနေတုန်းထင်တယ်"

ခင်ဘုန်းဆင့်က လမ်းဘေးမုန့်ဆိုင်မှ ပေါင်မုန့်ဝယ် ကျွေး၏။ စားပြီးသည်နှင့် ခွေးကလေးက.. သူ့နောက်ကအ ပြေးလိုက်လာပြန်သည်။ ဘယ်လိုပဲနှင်နှင် ခွေးကလေးက ထွက်မသွား။ ခင်ဘုန်းဆင့်က ..





"ငါ ဘယ်လိုလုပ်ရမလဲ.."

"ခွေးကလေးက နင့်ကိုခင်လို့လိုက်လာတာပဲ။ နင်ပဲ အိမ်ခေါ်သွားတော့ .."

မင်းဇော်ကပြောလိုက်သည်။ကျော်လင်းဝေကလည်း "နင်နဲ့ ပြဌာန်းဆက် ပါတယ်ထင်တယ်"

ဟု ကြီးကြီးကျယ်ကျယ်ပြောသည်။နောက်ဆုံးတော့ ခွေးကလေးကို သူက အိမ်ခေါ်သွားသည်။ ခင်ဘုန်းဆင့်အ မေက ခွေးကလေးကိုမြင်တော့ စိတ်ပျက်လက်ပျက် ..

"ဘယ်လိုလုပ်လာတာလဲ.. ဆင့်ဆင့်။ လမ်းပေါ်က ခွေးလေခွေးလွင့်ကို အိမ်ခေါ်လာရသလား။ သွား နှင်ပစ်လိုက် .."

"နင်လို့မှမရတာအမေရယ်၊ သူ့မှာ စားစရာလည်းမ ရှိ။ နေစရာလည်းမရှိ။ ဒီတော့.. သမီးမွေးမယ်။ကု သိုလ်ရပါတယ်"

"မဖြစ်ဘူး ဆင့်ဆင့်"

"ဘာဖြစ်လို့ မဖြစ်ရတာလဲ.."

အိမ်ထဲကထွက်လာသော သူ့အဖေကပြောလိုက်လေ သည်။ အဖေကတော့ အမေနှင့်မတူ။ တစ်ဦးတည်းသော သ မီးကို အလိုလိုက်နေကျဖြစ်သည်။ သူ့အမေက ..



www.burmeseclassic.com

www.burmeseclassic.com

"သူ ခွေးမွေးချင်တယ်ဆိုရင်လည်း ကျွန်မမနက်ဖြန် Pep Shop ပက်ရှော့ဗ်သွားပြီး ခွေးအမျိုးကောင်းကောင်းတစ်ကောင် ဝယ်ပေးလိုက်မယ်လေ"

"ဟင့်အင်း ... သမီး ဘယ်ခွေးမှမလိုချင်ဘူး။ဒီခွေးလေးပဲမွေးချင်တယ်"

အဖေ့အားကိုးနှင့် ခင်ဘုန်းဆင့်က ဇွတ်ပြောသည်။ သူ့အဖေက ..

"သူမွေးချင်တာပဲ မွေးပါစေကွာ။ မင်းလည်းအလုပ်မရှုပ်တော့ဘူး"

ဟု ခွင့်ပြုလိုက်တော့ သူ့အမေမတတ်နိုင်တော့။ ဒီလိုနှင့် ဤခွေးကလေးမှာ၊ သူ့ဆီတွင်သောင်တင်နေခဲ့သည်။ သူတို့သုံးယောက်က လမ်းပေါ်ကကောက်ရလာသည့်ခွေးကလေးဖြစ်သဖြင့် 'ကောက်ရ' ဟုသာ အလွယ်တကူ အမည်ပေးလိုက်ကြတော့သည်။

နောက်တော့ ဤခွေးကလေးမှာ.. သူတို့သူငယ်ချင်းသုံးယောက်၏ ကစားဖော်ဖြစ်လာ၏။ ခင်ဘုန်းဆင့်၏ အချစ်တော်လည်းဖြစ်လာ၏။ သို့သော် တစ်ရက်တွင်မူ ခြံထဲတွင်ကစားနေသော ဘောလုံးကလေးက အပြင်သို့လိမ့်သွားခိုက် ..





ဘောလုံးနောက် ပြေးလိုက်သွားသော ခွေးကလေးမှာ၊ အရှိန်ပြင်းစွာမောင်းလာသည့် ကားတစ်စီး၏ တိုက်မှုကိုခံရပြီး ခေါင်းကွဲကာ.. သေဆုံးသွားလေတော့သည်။ ခင်ဘုန်းဆင့်မှာ ကြေကွဲဝမ်းနည်း၍မဆုံးတော့ပေ။ ခွေးကလေးမသေခင်က သူကိုယ်တိုင်ရိုက်ထားသော ဓါတ်ပုံကလေးပင်ဖြစ်သည်။ ဓါတ်ပုံကလေးကိုကိုင်ကြည့်ကာ အတိတ်ကိုပြန်လည်သတိရနေစဉ် ..

ကျော်လင်းဝေသည်... အခန်းထဲသို့ ဒယီးဒယိုင်ဝင်ရောက်လာသည်။ သူ့မျက်နှာမှာ နီရဲနေကာ တစ်ကိုယ်လုံးချွေးတို့ဖြင့် ရွှဲစိုနေသည်။ သူ့ကိုမြင်လိုက်ရသည်နှင့် ခင်ဘုန်းဆင့် တုန်လှုပ်သွားကာ..

"ကိုဝေ .. နင်ဘာဖြစ်လာတာလဲ"

"ရေ .. ရေပေးပါ .. ရေတစ်ခွက်လောက်"

အခန်းထဲတွင်ရှိသော ရေခဲသေတ္တာထဲမှ ရေပုလင်းကိုထုတ်ယူကာ၊ ဖန်ခွက်တစ်ခွက်ထဲထည့်၍ တိုက်လိုက်ရသည်။

"ဘာတွေ ဖြစ်လာတာလဲ.."

"ဓါတ်လှေကားထဲ ပိတ်မိနေလို့"

"ဗုဒ္ဓ ဓမ္မ မီးပြတ်သွားတယ်လေ။ ဒီတုန်းက နင်

နွေမိုးဆောင်းစာပေ
www.burmeseclassic.com

www.burmeseclassic.com

က ခါတ်လှေကားထဲ ရောက်နေတာလား”

ကျော်လင်းဝေက ခေါင်းညိတ်ပြလိုက်၏။

“နင်ကလည်းဟယ် .. ခါတ်လှေကားပျက်တာ.. ဒီလောက်ကြောက်စရာလား”

“ငါက တခြားသူတွေနဲ့ မတူဘူးလေ။ ဒီလိုအခန်းကျဉ်းကလေးတွေကို ကြောက်တတ်တာနင်လည်းအသိသားပဲ”

ဤစကားကိုပြောရင်း ရုတ်တရက်ကျော်လင်းဝေ စကားတစ်ခွန်းကို သတိရသွား၏။မနေ့က ဒေါ်အိုစာဆိုသော အဖွားကြီးနှင့် ခွဲခွါကာနီး ထိုအဖွားကြီး သူ့ကိုပြောလိုက်သောစကား ..။

“အပေါ်ထပ်မှာနေတာတော့ ကောင်းပါတယ်... အခန်းကျဉ်းကလေးတွေထဲ မဝင်နဲ့”

အခန်းကျဉ်းဆိုတာ..ခါတ်လှေကားကိုဆိုချင်ကြောင်း သူကောင်းကောင်း သဘောပေါက်သွားသည်။သူ့ဒီနေ့ ဒီလိုအဖြစ်မျိုးကြုံမှာကို အဖွားကြီးက မဖြစ်ခင်က ဘာကြောင့်ကြိုတင်သိမြင်နေရသနည်း။ တစ်နေ့က.. ကားပျက်တုန်းကလည်း မင်းနဲ့ငါပြန်တွေ့ကြဦးမှာပါဟု ပြောခဲ့သည်။

“ဒီအဖွားကြီးက ဘာကြောင့်ကြိုသိနေတာလဲ..”





သူ့ပါးစပ်က ထွက်သွားသည်။ ခင်ဘုန်းဆင့်က ..

“ဘယ်က အဖွားကြီးလဲ..”

“သချိုင်းပျက်နားမှာနေတဲ့ အဖွားကြီးလေ။ ဒေါ်အိုစာကိုပြောတာ”

ကျော်လင်းဝေက သူ့ကိုပြောခဲ့သောစကားကို၊ ပြန်ပြောပြလိုက်တော့ ..

“မဖြစ်နိုင်ဘူး။ ဒီအဖွားကြီးက အကြားအမြင်ရနေလို့လား။သူ့ထင်ရာပြောလိုက်တာနဲ့ နင်ကြုံရတာနဲ့ တိုက်ဆိုင်သွားတာ ဖြစ်မှာပါ။ ဒီလိုပဲ လောကမှာ တိုက်ဆိုင်မှုတွေအများကြီးရှိတာ နင်သိသားနဲ့”

“ဘာပဲဖြစ်ဖြစ် ငါတော့ ဒီအဖွားကြီးကို သွားတွေ့ပြီးမေးမှ ဖြစ်တော့မယ်”

“အခုလား ..”

“မဟုတ်ပါဘူး။ အပြန်လမ်းကြုံတာပဲ။ အပြန်ကျမှပဲ ဝင်မေးတော့မယ်။ အခုတော့ ငါခဏနားလိုက်ဦးမယ်”

သူ့စားပွဲမှာ သူသွားထိုင်ကာ..အမောဖြေနေရသည်။ သူကြုံခဲ့ရတာက သူ့အတွက်တော့၊ အထိတ်တလန့်ကိစ္စဖြစ်သည်။ ယခုထက်တိုင် သူ့နှလုံးတွေက တဒိတ်ဒိတ်ခုန်၍နေ



www.burmeseclassic.com

www.burmeseclassic.com

လေသည်။





မိုးပွိုင့်က နိုနေသည်။ သူ့ရှေ့မှာကားတန်းရှည်ကြီး။ ရန်ကုန်တွင်ဤမိုးပွိုင့်သည် ကားအများဆုံးမိုးပွိုင့်တွေထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ဒီတစ်ခါတော့ တစ်နေ့ကကောင်ကလေးကို.. ခင်ဘုန်းဆင့်မျှော်နေမိ၏။သူ့နားကိုကောင်လေးတစ်ယောက်ရောက်လာသည်။ကွမ်းယာဆေးလိပ်ရောင်းသည့်ကောင်လေး။ နောက်တော့.. စပါယ်ပန်းရောင်းသည့်ကောင်လေး။သူက.. ဂျာနယ်ရောင်းသည့်ကောင်လေးကို မတွေ့နိုင်တော့ဟုထင်နေဆဲမှာပင်၊ သူ့ဘေးကိုကောင်လေးရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

သူက ဒီတစ်ခါတော့ ကားပြတင်းကိုဖွင့်၍ထား၏။ ကောင်လေးကိုတွေ့တော့ ..

"မနေ့က ငါ့ကားကို မင်းဘာလို့ လုထားလိုက်တာလဲ.."

"ကျွန်တော်မလုပါဘူးအစ်မရဲ့။ ကျွန်တော့်ခွေးရုပ်နဲ့ လဲထားလိုက်တာပါ။ ဒီနေ့ရော လဲဦးမလား"

"မင်းနာမည် ဘယ်လိုခေါ်လဲ.."

"ကောက်ရ .."

"ဘာ .."

"ကောက်ရတဲ့ .."

ဒီနာမည်က.. ခင်ဘုန်းဆင့်ရင်ကို နွေးထွေးသွားစေသည်။ သေဆုံးသွားသော ခွေးကလေးနာမည်က၊ ကောက်ရပင်ဖြစ်သည် မဟုတ်ပါလား။

"ဘာလို့ ဒီနာမည်မှည့်ထားတာလဲ"

"ကျွန်တော့်ကို လမ်းပေါ်ကကောက်ရလို့တဲ့"

"ဒါဆို မင်းအခုနေတာက.."

"ကျွန်တော့်ကိုမွေးစားထားတဲ့ အဖွားနဲ့ အတူတူနေတာ"

"မင်းမိဘရင်းတွေကို မင်းမသိဘူးပေါ့"





ကောင်လေးက.. ခေါင်းညိတ်ပြသည်။ ကြည့်လိုက်တော့ ကောင်လေးနဖူးတွင် အမာရွတ်ကလေး တစ်ခုရှိတာ တွေ့ရသည်။

"မင်းနဖူးက အမာရွတ်က.."

"ကျွန်တော် မသိဘူး။ မွေးကတည်းက ပါလာတာဖြစ်မယ်။ဒီနေ့ရော ကားရုပ်နဲ့ခွေးရုပ် လဲဦးမလား"

ဒီတစ်ခါတော့... ခင်ဘုန်းဆင့်ကပင် လိုလိုချင်ချင် ကားရုပ်ကလေးတစ်ရုပ် ယူပေးလိုက်၏။ကောင်လေးအပေါ် တကယ်ပင် သနားစိတ်ဝင်ခဲ့မိလေသည်။ ကောင်လေးက ကားရုပ်ကလေးကို လှမ်းယူရင်း ခွေးရုပ်ကလေးကိုလှမ်းပေးတော့၊သူက လက်ခါပြကာငြင်းလိုက်သည်။တစ်ဆက်တည်းပင် ရေ့မှမီးပွိုင့်ကစိမ်းနေပြီဖြစ်သဖြင့်..၊သူ့ကားကိုဂီယာထိုးကာ ထိုနေရာမှ ထွက်လာခဲ့လေသည်။


www.burmeseclassic.com

www.burmeseclassic.com

သူ ဒီနေရာကိုကားဖြတ်တော့ မှောင်ရီပျိုး၍နေလေပြီ။တစ်ကြိမ်က သူကားတိုက်မှုဖြစ်ခဲ့သော၊ သစ်ပင်အောက်မှာပင် သူ့ကားကိုရပ်လိုက်၏။ပြီးတော့ ကားပေါ်မှဆင်းကာ ခပ်မှောင်မှောင်လမ်းကလေးအတိုင်း၊ ဒေါ်အိုစာအိမ်ဘက်သို့ ကျော်လင်းဝေလျှောက်လာမဲ့သည်။ ဒီမိန်းမကြီးကို တစ်နေ့လုံးတွေ့ချင် စကားပြောချင်နေ၏။ တကူးတကန့်လာရမည်စိုးသဖြင့်၊အလုပ်ဆင်းမှသာလာတော့မည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထုံးစံအတိုင်းပင်.. ခပ်ကုတ်ကုတ်အိမ်ကလေးထဲတွင်





အမှောင်ထုက.. မင်းမူနေ၏။အခန်းထောင့် ခုံကလေးတစ်ခုပေါ်တွင် ဖယောင်းတိုင်တစ်တိုင်ထွန်းထားတာတွေ့ရသည်။ အဖွားကြီးကို ရှာမတွေ့။

"အဖွား .. အဖွား .."

သူ့အသံပြုလိုက်သော်လည်း ထူးသံမကြားရ။

သူက လူမရှိတော့ဟုထင်ကာ၊ ပြန်ထွက်တော့မည်ဟု နောက်ပြန်လှည့်ထွက်မည်အလုပ်တွင်မှ၊ သူ့နောက်တွင် ငြိမ်သက်စွာရပ်နေသည့် အဖွားကြီးကို တွေ့လိုက်ရသဖြင့်.. ရုတ်တရက်လန့်ကာ နောက်ဆုတ်လိုက်မိသည်။ ဒါကြောင့် သူ့ဘေးစားပွဲခုံငယ်တွင် တင်ထားသော ခါတ်ပုံမှန်ဘောင်လေးတစ်ခုကို လက်နှင့်တိုက်မိကာ ကြမ်းပေါ်ပြုတ်ကျသွားလေသည်။

"ငါက ခြံထဲရောက်နေတာ။ မင်း အိမ်ပေါ်တက်သွားတာမြင်လို့။ မင်း ဘာကိစ္စရှိပြန်ပြီလဲ.."

အဘွားအိုက တည်ငြိမ်လှသည့်အသံဖြင့်၊ပြောလိုက်လေသည်။

"ကျွန်တော် မေးစရာရှိလို့လာခဲ့တာပါ"

"ဘာမေးမှာလဲ.."

"ကျွန်တော် ဖြစ်ခဲ့တဲ့ကိစ္စတွေကို အဘွားကဘာလို့



www.burmeseclassic.com

www.burmeseclassic.com

ကြုံသိနေရတာလဲ .. ဟင်"

"ငါမသိဘူး .."

"သိပါတယ်။ သိလို့ပဲ ကျွန်တော့်ကို.. အစနိုးကျဉ်း လေးထဲမဝင်နဲ့လို့ မှာခဲ့တာမဟုတ်လား"

"ငါမသိဘူးဆိုတာက. အဲဒီလိုဖြစ်မယ့် ကိစ္စတွေကို ကြိုကြိုသိနေရတာ ဘာကြောင့်လည်းဆိုတာ ငါမ သိဘူးလို့ပြောတာ"

ဒီတစ်ခါတော့ ကျော်လင်းဝေ အံ့အားသင့်သွား၏။

"ဒါဆို အဘွားက ကိစ္စအတော်များများကို ကြိုသိ နေတာလား"

ဒေါ်အိုစာက သူ့ခေါင်းကိုခါရမ်းပြကာ..

"ကိစ္စအားလုံးကိုတော့ ကြိုမသိဘူး။ ငါသိချင်တဲ့ ကိစ္စတချို့ကို သိနေတာပဲ။ ရုတ်တရက်ကြည့်မယ် ဆိုရင် .. ဒါဟာ သာမန်လူတွေထက် ထူးခြားလို့ ကောင်းမွန်တဲ့အတွေ့အကြုံလို့ ထင်စရာပေါ့... ဒါ ပေမယ့်အဲဒါဟာ ကောင်းကျိုးထက်ဆိုးကျိုးပေးတာ ပဲများတယ်"

"ကျွန်တော့်ကို ပြောပြနိုင်မလားအဘွား"

ကျော်လင်းဝေက တောင်းပန်လိုက်သည်။





"ဘာမှ.. ဆန်းကျယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ကလေး ဘဝကတည်းက စိတ်ထဲထင်ရာပြောလိုက်ရင် မှန် နေတတ်တယ်။ အရင်ကလူတွေက ဝမ်းတွင်းစုန်း လို့ တင်စားပြောကြသလိုပဲ၊ အထူးသဖြင့် လူတွေ ဒုက္ခရောက်မှာ ဒုက္ခကြုံမှာကိုပြောရင် ပိုမှန်တယ်။ ဒါကြောင့် ယောကျ်ားလုပ်တဲ့သူကလည်း အိမ်က ထွက်သွားတယ်။နောက်ဆုံး ရွာကလူတွေက ငါ့ကို ဝိုင်းရိုက်နှက်ပြီး နှင်ထုတ်လိုက်ကြတယ်။ငါ့မျက်နှာ ကဒဏ်ရာတွေဟာ အဲဒီတုန်းကရခဲ့တဲ့၊ဒဏ်ရာဒဏ် ချက်တွေပဲ"

ဒီစကားတွေကြားရတော့ ကျော်လင်းဝေ အဘွားအို ကို သနားစိတ်ဝင်သွားသည်။အဘွားအိုက..စကားဆက်ပြော ပြန်သည်။

"အဲဒါက.. နယ်တုန်းက ဖြစ်ခဲ့တာတွေပေါ့။ ငါတို့ ဒီနေရာကို ပြောင်းလာတာပဲ...အနှစ်နှစ်ဆယ်ကျော် ခဲ့ပြီ။ ဒီအိမ်ကိုရောက်ပြီး သိပ်မကြာခင်မှာပဲ ငါ့ သမီးလည်း ဝမ်းရောဂါနဲ့ကွယ်လွန်သွားတယ်။ သူ့ ကို အိမ်ဘေးကသုသာန်ထဲမှာပဲမြှုပ်နှံထားခဲ့တယ်"

အဘွားအိုက သူ့အနီးလျှောက်လာကာ ကြမ်းပြင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကျနေသည့် ဖိုတိုစတန်းလေးကို ကောက်ယူရင်း ဆွေးမြေ့သောမျက်လုံးများဖြင့်ကြည့်ကာ ..

"အဲဒါ ကွယ်လွန်သွားတဲ့ ငါ့သမီးရဲ့ဓါတ်ပုံပဲ"

လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က ဓါတ်ပုံဖြစ်သဖြင့်.. ဓါတ်ပုံက အတော်ပင်ဟောင်းနွမ်းနေလေပြီ။ ဓါတ်ပုံရှင်က.. အသက်နှစ်ဆယ်အရွယ် မိန်းကလေးတစ်ဦးဖြစ်ကာ အဘွားအိုသမီးဆိုသော်လည်း၊အဘွားအိုနှင့်မတူပဲ ချောမောလှပသူလေးတစ်ဦး ဖြစ်နေလေသည်။

"ဒါဆို ... အခု အဘွားတစ်ယောက်တည်းနေတာပေါ့"

"မဟုတ်ဘူး။ ငါမွေးစားထားတဲ့ မိဘမဲ့ကလေးတစ်ယောက်နဲ့ အတူတူနေတယ်"

"အဘွားတို့ ဘာလုပ်ကိုင်စားသလဲ.."

"ငါ့ဆီကို ဗေဒင်မေးသလိုလာမေးတဲ့ အနီးချုပ်စပ်က လူတွေရှိတယ်။သူတို့က..ဆန်ကလေးဆီကလေး ယူလာတယ်။ စားစရာသောက်စရာ ...ယူမလာရင်လည်း သဒ္ဒါသလောက် ငွေကြေးပေးသွားတတ်ကြတယ်"

"အဘွားမြေးဆိုတာ ကျွန်တော်တစ်ခါမှ မတွေ့ဖူး





ပါလား"

"သူက ညဘက်ဈေးရောင်းတယ်"

ကျော်လင်းဝေက သက်ပြင်းချလိုက်သည်။ ဒီထက်ပို၍ သူစပ်စုလို့မကောင်းတော့။ သူဝယ်လာသည့်မုန့်ထုပ်ကို စားပွဲပေါ်တင်လိုက်ကာ..

"အဘွားစားဖို့ ကျွန်တော်ဝယ်လာတာ"

"ကျေးဇူးပဲ။ မင်းကိုသတိပေးရဦးမယ်။အစားစားရင် လောဘမကြီးနဲ့ ..ဒုက္ခတွေ့တတ်တယ်"

လာပြန်ပြီဟု သူတွေးလိုက်သည်။ ဒါလည်း သူ့အတွက် အဘွားအိုက ရှေ့ဖြစ်ဟောလိုက်တာပဲ။ ပုခုံးသာတစ်ချက်တွန့်ပြီး အိမ်ထဲကပြန်ထွက်လာခဲ့၏။အပြန်တွင်သရိုင်းဘေးမှ ခပ်သွက်သွက် ဖြတ်လျှောက်လာရတော့ ရင်ထဲတွင် တဒိတ်ဒိတ်ခုန်နေသည်။

ဆန်းစလရောင်ကြောင့် ဤနေရာတွင်အလင်းရောင်မှိန်ပျပျရှိနေ၏။ရှေ့တွင်မြင်ရသော ခြုံပုတ်မည်းမည်းများမှာ ကြောက်စရာအကောင်များ ငုတ်တုတ်ထိုင်နေတာ၊ မြင်ရသလိုရှိ၏။

ရုတ်တရက်.. သူခြေလှမ်းတွေရပ်လိုက်သည်။ရှေ့က ခြုံပုတ်က လေမတိုးပဲလှုပ်နေ၏။ ဘာကြောင့်လှုပ်နေရတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ။သူက ရဲစိတ်မွေးကာ လမ်းပေါ်က ခဲတစ်လုံးကောက်ယူ၍ ခြုံပုတ်ဆီပစ်လိုက်သည်။ ဒီတော့မှ ခြုံပုတ်ထဲက.. မြွေတစ်ကောင် ထွက်ပြေးသွားတာမြင်လိုက်ရ၏။

နောက်လှည့်မကြည့်တော့ပဲ၊ သူ့ကားဆီကို ရောက်အောင်သာ ကျော်လင်းဝေ ခပ်သွက်သွက် လျှောက်လာခဲ့မိလေသည်။





"ငယ်ငယ်ကတည်းက ပါးစပ်ကထွက်သမျှ အမှတ်မထင် မှန်နေတတ်တယ်။ သူ့အဖေ မြွေပေါက်ခံရလို့ သေမှာကိုလည်း သူကြိုပြောခဲ့တယ်တဲ့ .."



www.burmeseclassic.com

www.burmeseclassic.com


## ( ၄ ) ကြေကွဲရမည့်နမိတ်

"ငါတို့ဒီနေ့ အပြင်မှာ သွားစားကြမယ်ဟေ့"

မင်းဇော်က.. ပြောလိုက်ခြင်းဖြစ်သည်။သူတို့မဂ္ဂဇင်းက.. ဖေါင်ပိတ်သောနေ့၊တစ်လစာလုပ်ငန်းများ အဆုံးသတ်သောအချိန်ဟုဆိုနိုင်သည်။ ဂျာနယ်မဂ္ဂဇင်းအလုပ်လုပ်နေသူများအဖို့ စနေ၊တနင်္ဂနွေဟူ၍၊ အလုပ်အားလပ်ရက်ဟူ၍မရ။ ယခုလို ဖေါင်ပိတ်တုန်းအချိန်တွင်သာ ခဏနားကြရသည်။ နောက်လအတွက် မဂ္ဂဇင်းအသစ်ပြန်စလိုက်သည်နှင့်အလုပ်



www.burmeseclassic.com

www.burmeseclassic.com



များတော့သည်။

မင်းဇော်က တိုက်ပိုင်ရှင်သူဌေးအနေဖြင့် ဒီလိုရက်မျိုးတွင် အပြင်၌ လိုက်လံကျွေးမွေးတတ်တာ အစဉ်အလာတစ်ခုလိုဖြစ်နေသည်။သူတို့မဂ္ဂဇင်းတည်ရာဌာနနှင့် မလှမ်းမကမ်းတွင် အတော်အတန်အဆင့်မြင့်သည့်( ရက်စတွန့် ) စားသောက်ဆိုင်တစ်ဆိုင်ရှိသည်။ များသောအားဖြင့် သူတို့ ဤဆိုင်တွင်စားလေ့ရှိသည်။ ဆိုင်ကနီးတော့.. မဂ္ဂဇင်းတိုက်ကနေ လမ်းလျှောက်သွားရုံပင်။ ကားမောင်းနေရတဲ့ ဒုက္ခလည်း ကင်းတော့သည်။ ဆိုင်ရောက်တော့ မင်းဇော်က ..

စားပွဲတစ်လုံးတွင် ဝင်ထိုင်ပြီးသည်နှင့် ..

"စားစရာတွေ.. မမှာကြနဲ့ဦးဟေ့။ ဧည့်သည်တစ်ယောက်ကို ငါဖိတ်ထားတယ်"

ဟု ထူးထူးခြားခြားစကားဆိုသည်။ခင်ဘုန်းဆင့်က "ဘယ်လိုဧည့်သည်လဲ.." ဟုမေး၏။

မင်းဇော်က မချိုမချဉ်မျက်နှာဖြင့် ..

"ရောက်တော့ သိလိမ့်မယ်"

စိတ်ကို... အလုပ်ထဲတွင်နှစ်ထားတတ်သည့် ကျော်လင်းဝေက ..

"မင်းဇော် .. ကာဗာကိစ္စလုပ်ဦးလေ။ အတွင်းသား





တွေတောင် မနက်ဖြန်တင်တော့မယ်။ မျက်နှာဖုံးကဆက်တိုက်တင်ရမှာ မဟုတ်လား။ မင်းကြာနေရင်မဂ္ဂဇင်းထွက်ရက်လည်း နောက်ကျနေလိမ့်မယ်"

ဟု လောလိုက်၏။

"ဒီနေ့ချိန်းထားတာ အဲဒီကိစ္စလည်းပါတယ်။ မင်းတို့သဘောထားလည်း သိချင်လို့"

သူ့စကားမဆုံးခင်မှာပင် -ဆိုင်ပေါက်ဝကိုလှမ်းကြည့်ရင်း ..

"ဟော ..ဟိုမှာလာပြီ"

ဟုပြောလိုက်သည်။ ကျန်နှစ်ယောက်ကကြည့်လိုက်တော့ ပြုံးရယ်ရွှင်ပြသောမျက်နှာဖြင့် သူတို့စားပွဲရှိရာ ခပ်သွက်သွက်လျှောက်လှမ်းလာသော၊မိန်းမလှလေးတစ်ယောက်ကိုတွေ့ရသည်။ ဘောင်းဘီရှည်၊ ကော်လံပါသောရှပ်အင်္ကျီပုခုံးတွင် အပြာရောင်ဂျင်းအိတ်တစ်လုံးကို လွယ်ထားသည်၊ မိန်းကလေး၏ အသွင်အပြင်က.. ခေတ်ကိုကိုယ်စားပြုထားသလိုပင်ဖြစ်သည်။ကောင်မလေးက... သူတို့ အနားရောက်တော့ထိုင်ရာမှ၊မင်းဇော်က..ထ,ရပ်လိုက်ရာ၊ကျန်နှစ်ယောက်ကလည်း၊ အလိုလိုထပြီးသား ဖြစ်၍သွားလေတော့သည်။

မင်းဇော်က ..



www.burmeseclassic.com

www.burmeseclassic.com

"အားလုံးနဲ့ မိတ်ဆက်ပေးရဦးမယ်။သူက ဝတ်ရည်တဲ့။ ပန်းအလှပြင်ဆိုင် ပိုင်ရှင်ပဲ။ တို့မဂ္ဂဇင်း ကာဗာမှာ ပထမဆုံးသရုပ်ဆောင်မဲ့.. အသစ်စက်စက် မော်ဒယ်လည်းဖြစ်တယ်"

ဟု မိတ်ဆက်ပေး၏။ သူတို့အပြန်အလှန် လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။ ပြီးတော့. နေရာတွင်ထိုင်မိကြ၏။ လက်ဆွဲနှုတ်ဆက်စဉ်ကပင် ကျော်လင်းဝေရင်ထဲ၌နွေးကနဲဖြစ်သွား၏။တစ်ဘက်ရှိ ဝတ်ရည်၏လက်များမှတဆင့် သူ့ခန္ဓာကိုယ်ထဲသို့ ပြောရခက်သော ဓါတ်တစ်မျိုးမျိုး စီးဝင်သွားသလို ခံစားလိုက်ရ၏။

သူက ဝတ်ရည်မျက်နှာကို သေသေချာချာ စူးစိုက်ကြည့်နေသဖြင့် ဘေးမှထိုင်နေသောခင်ဘုန်းဆင့်ကပင်၊စားပွဲခုံအောက်မှ ခြေထောက်နှင့်ကန်ကာ.. သတိပေးရသည်။ဒီတော့မှ သူ့ကိုဖြေဆည်လိုက်နိုင်၏။ကောင်မလေးက....လှပါသည်။ သို့သော်သူက ကောင်မလေးအလှကြောင့်ငေးကြည့်နေခြင်းမဟုတ်။ ကောင်မလေးကို ဘယ်မှာ.. မြင်ဖူးခဲ့သည်မသိ။ တစ်နေရာရာမှာ မြင်ဖူးခဲ့သည်ကတော့သေချာသည်။ ဒါကြောင့် စူးစိုက်ကြည့်နေမိခြင်းဖြစ်၏။သူ့ပုံစံကို သူ့တစ်ဘက်ဘေးတွင်ထိုင်နေသည့် မင်းဇော်ကလည်း၊ရိပ်စားမိဟန်





တူ၏။ ထို့ကြောင့်.. ခေါင်းကို သူ့ဘက်စောင်းငဲ့ကြည့်ကာ တိုးတိုးမေးသည်။

"မင်း .. သူနဲ့သိလို့လား .. အရင်ကမြင်ဖူးလား"

ကျော်လင်းးဝေက ခေါင်းခါပြလိုက်သည်။ဝတ်ရည်ဆိုသောမိန်းကလေးနှင့် သူ သိကျွမ်းခင်မင်ခြင်းမရှိပါ။

မင်းဇော်က ..

"ကဲ .. ဘယ်လိုလဲ.. မင်းတို့နှစ်ယောက်လုံး သူ့ကိုမျက်နှာဖုံးရှင်အဖြစ် လက်ခံကြပြီမဟုတ်လား"

ဒါကိုတော့ သူတို့နှစ်ယောက်လုံး မငြင်းဆန်ကြ။

"ဒါဆို ပြီးပြီပေါ့။ ငါ့မှာ ဓါတ်ပုံရိုက်အောင်သူ့ကိုတော်တော် စည်းရုံးယူရတယ်"

မင်းဇော်ကို ကြည့်ရသည်မှာ.. မကြုံစဖူးအောင်ပင်တက်ကြွရွှင်လန်းနေသည်။သူတို့သူငယ်ချင်းအကြောင်း ..သူတို့ကောင်းကောင်းသိသည်။သူငယ်ချင်းဖြစ်သူ ခင်ဘုန်းဆင့်ကလွဲ၍ တခြားမိန်းကလေးတွေကို လိုက်လျောညီထွေလက်ပွန်းတတီး ဆက်ဆံတတ်သူမဟုတ်။

ဝတ်ရည်ကလည်း ရုပ်ရည်ချောမောရုံမက၊ သူစိမ်းများနှင့် လိုက်လျောညီထွေဆက်ဆံတတ်သူဖြစ်ရာ၊ခဏချင်းမှာပင်သူတို့သည် သူငယ်ချင်းတွေလို ဖြစ်၍သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

စကားတပြောပြောနှင့်၊ စားစရာတွေ ရောက်ရှိလာသောအခါ အတော်ပင်နောက်ကျနေလေပြီ။ ထမင်းစားချိန် လွန်သဖြင့် ကျော်လင်းဝေသည်၊ အတော်ပင်ဆာလောင်နေ၏။ ထို့ကြောင့် အလောတကြီးပင် စားလိုက်မိရာ ..

ခေါက်ဆွဲဖတ်များသည် လည်ချောင်းထဲတွင်တစ်ဆို့ပြီး အံ့သက်ရှူမရဖြစ်ကာမွန်းကြပ်၍၊ကုလားထိုင်ပေါ်မှာပင် လဲကျသွား၏။အတူတူထိုင်စားနေသူတွေမှာ အထိတ်တလန့်ဖြစ်သွား၏။ မင်းဇော်ကလဲကျနေသော ကျော်လင်းဝေကိုဆွဲထူ၏။ ဝတ်ရည်က ..

"စားပိုးနင့်သွားတာ .. ကျောကိုထု ကျောကိုထု"

ဟုဆိုသဖြင့် ခင်ဘုန်းဆင့်က.. ကျော်လင်းဝေကျောကိုထုသည်။ဒီတော့မှ အစာတွေပြန်အန်ထွက်လာ၏။လေရှူလမ်းပေါက်ပွင့်သွားသဖြင့် သူ နေသာထိုင်သာဖြစ်သွား၏။ မျက်နှာတွင် ချွေးသီးချွေးပေါက်တွေ မျက်ရည်တွေဖြင့် စိုရွှဲနေသည်။ ဝတ်ရည်က စားပွဲပေါ်က ရေတစ်ခွက်ကိုယူကာ

"ရေသောက်လိုက် .. ဖြည်းဖြည်းချင်းသောက်နော်"

ဟုလည်း သတိပေး၏။ အခုမှ အသက်ရှူချောင်သွားသည်။ဒီတော့မှ မင်းဇော်ကတွဲထူကာ ကုလားထိုင်ပေါ်ထိုင်ခိုင်းသည်။ မင်းဇော်က ..





"မင်းရရဲ့လား .."

"ရပါတယ် ...ငါ့ကြောင့် ညစာစားပွဲလေးပျက်သွားရတာ ဆောရီးပဲ"

"တို့က တောင်းပန်ရမယ့်လူတွေလား"

မင်းဇော်ကပြောသည်။ ခင်ဘုန်းဆင့်က ..

"ဟုတ်ပါရဲ့။ ခုန ငါဖြင့် ..ဘာလုပ်ရမှန်းမသိဘူး။ မှုန်ထူသွားတာပဲ.."

ဟုဆိုသည်။ကျော်လင်းဝေက...သူနှင့်ပါတ်သက်လာလျှင် ခင်ဘုန်းဆင့်သည်၊ ဒီလောက်ပူပန်မှုရှိလိမ့်မည်ဟု မမြင်ခဲ့။အခုတော့.. သူ့အပေါ်တွယ်တာမှု သံယောဇဉ်ကြီးမားကြောင်း၊ခင်ဘုန်းဆင့် မျက်လုံးအိမ်ထဲတွင် ခိုတွယ်နေသည့် မျက်ရည်စကလေးက သက်သေပြ၍နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါတော့ .. စဉ်းစားလို့မရအောင် ဖြစ်နေတာ။ ဒီတစ်ခါလည်း အဖွားကြီးပြောတဲ့စကားက ကွက်တိမှန်နေတယ်"

ကားမောင်းနေသည့်ခင်ဘုန်းဆင့်ဘေးတွင်ထိုင်ရင်း၊ ကျော်လင်းဝေက ပြောလိုက်ခြင်းဖြစ်သည်။စားသောက်ပွဲပြီးသောအခါ၊ မင်းဇော်က ဝတ်ရည်ကို ကားဖြင့်ပြန်ပို့မည်ဟု ထွက်သွားသည်။ ကျော်လင်းဝေနှင့်ခင်ဘုန်းဆင့်က ဒေါ်အိုစာထံ ထွက်လာခဲ့သည်။

"မနေ့ညကပဲ ငါ့ကိုမှာလိုက်သေးတယ်။မင်း အစား





လောမကြီးနဲ့ ..ဒုက္ခတွေ့လိမ့်မယ်တဲ့။အဲဒီစကားကို ငါကလည်း အမှတ်မထားဘူး။ ဆာဆာနဲ့ စားပစ်လိုက်တာ ကံကောင်းလို့မသေတယ်"

ဟု ကျော်လင်းဝေကပြောသည်။

"ပထမနင့်ပြောတုန်းက ငါ သိပ်စိတ်မဝင်စားဘူး။ အခုအတိုင်းဆိုရင်တော့ တိုက်ဆိုင်တယ်လို့ပြောလို့မရတော့ဘူး။ ဒါကြောင့် ငါလိုက်လာတာ ...တစ်ခုခုထူးခြားတာတော့ ရှိရမယ်"

ဟု ခင်ဘုန်းဆင့်က၊ ကားမောင်းလာရင်းထောက်ခံလိုက်၏။ကျော်လင်းဝေက၊နောက်ဆုံးတွေ့စဉ်ကပြောခဲ့သော အဖွားကြီး၏စကားတွေကို.. ပြန်လည်၍ဖေါက်သည်ချလိုက်သည်။

"သူကိုယ်တိုင်လည်း ဘာကြောင့်မှန်း မသိဘူးတဲ့..၊ ငယ်ငယ်ကတည်းက.. ပါးစပ်ကထွက်သမျှ အမှတ်မထင်မှန်နေတတ်တယ်။ သူ့အဖေ မြွေပေါက်ခံရလို့ သေမှာကိုလည်း သူကြိုပြောခဲ့တယ်တဲ့။ သူ့ကို ရွာကလူတွေက မွေးရာပါပညာသည် ဒါမှမဟုတ်၊ ဝမ်းတွင်းစုန်းလို့ သမုတ်ကြတယ်တဲ့"

ခင်ဘုန်းဆင့်က အတော်ပင် အံ့အားသင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအဖြစ်မျိုးတွေ သူ ကြားဖူးနားဝမရှိခဲ့။ရှေးဆန်သောလူ့အဖွဲ့အစည်း။တောကျသောအရပ်တွေမှာသာ ဒီလိုပြောလေ့ဆိုလေ့ရှိကြ၏။

"အဲဒါတွေကို နင်ကရောယုံလို့လား"

"ယုံတယ်လို့တော့ တစ်ထစ်ချမပြောနိုင်ဘူး။ ဒါပေမယ့် တို့အတွက်ကတော့ အဖြေရှာရခက်တဲ့ ပုစ္ဆာတစ်ပုဒ်ပဲမဟုတ်လား"

သချိုင်းအပျက်နားတွင် ကားပျက်သည်။ပြီးတော့... ဒေါ်အိုစာဆိုသော အရပ်ဆိုးဆိုးမိန်းမကြီးနှင့်ကြုံကာ.. ထူးဆန်းသောစကားတွေ ကြားရသည်။

"ငါတော့ ဒီမိန်းမကြီးကို စတွေ့ကတည်းက စိတ်ထဲကကြောက်နေမိတယ်"

ဟု ခင်ဘုန်းဆင့်ကပြောသည်။ အဲဒီနေ့က သူ့ကိုထားကာ၊ ခင်ဘုန်းဆင့် အိမ်ထဲကပြန်ထွက်သွားတာကို အမှတ်ရနေသည်။ ကျော်လင်းဝေက ..

"တကယ်တော့.. ဒီမိန်းမကြီးက.. ကြောက်စရာမကောင်းပါဘူး။ဘယ်သူ့ကိုမှ အန္တရာယ်မပေးဘူး .. သူ့ဘဝက.. သနားစရာတောင် ကောင်းသေးတယ်။ ယောကျ်ားက ပစ်သွားတယ်... ရွာက သားအမိနှစ်





ယောက်ကို ရိုက်နှက်ပြီးနှင်ထုတ်လိုက်တယ်။ သူ့သမီးက အသက်နှစ်ဆယ်လောက်ရောက်မှ၊ ဒီအိမ်မှာ ဝမ်းရောဂါနဲ့ ဆုံးသွားတယ်တဲ့"

ဟုတ်တော့လည်းဟုတ်ပါသည်။မြေးတစ်ယောက်နှင့် ဝမ်းကြောင်းနေသော နိုကိုးရာမဲ့ အဖွားအိုတစ်ယောက်။

သူတို့ကားကို လမ်းဘေးသစ်ပင်အောင်တွင်ရပ်ကာ၊ အဖွားအိုအိမ်ရှိရာကို လျှောက်လာခဲ့ကြ၏။ သချိုင်းဟောင်းနားရောက်တော့ ခင်ဘုန်းဆင့်က မျက်စိမျက်နှာပျက်ကာ..

"ခတ်သွက်သွက်လျှောက်ဟေ့" ဟုဆိုသည်။

ဒါကိုတော့ ကျော်လင်းဝေ ကိုယ်ချင်းစာသည်။တစ်နေ့ညကပင် ဤနားကအဖြတ် လသာသာတွင် ခြုံပုတ်ခွေးဝိုး၍ လှုပ်တာကိုမြင်ပြီး သူထိတ်လန့်သွားသေး၏။

အိမ်ပေါ်တက်သွားတော့.. အိမ်မှာခြောက်ကပ်တိတ်ဆိတ်နေ၏။

"အဘွား .. အဘွား"

ကျော်လင်းဝေက အသံပြုသော်လည်း၊ တုန့်ပြန်သံမကြား။ခင်ဘုန်းဆင့်က.. အိမ်ကိုလှည့်မတ်ကြည့်ရင်း စားပွဲပေါ်တင်ထားသည့် ဓါတ်ပုံမှန်ဘောင်ကလေးမြင်ကာ ဆွဲယူကြည့်လိုက်သည်။ကြည့်ရင်းပင်သူ့မျက်နှာတွင်.. အံ့သြသည့်



www.burmeseclassic.com

www.burmeseclassic.com


အရိပ်အယောင်တွေ ပေါ်လွင်လာ၏။ ပြီးတော့ တစ်ဆက်တည်း ..

"ကိုဝေ .. ကြည့်စမ်းကြည့်စမ်း ဒါ ..ဝတ်ရည်ပုံမှတ်လား"

ဟုပြော၏။ ဒီတော့မှ ကျော်လင်းဝေက ယူကြည့်လိုက်သည်။ တစ်နေ့ညက သူလက်နှင့်တိုက်မိကာပြုတ်ကျသွားသဖြင့် သူပင် ပြန်ကောက်ယူပေးခဲ့ရသော ဓါတ်ပုံကလေး။ဒီတုန်းက ညမှောင်မှောင်တွင် သူမြင်ခဲ့ရသဖြင့် သေသေချာချာကြည့်ခဲ့ရသည်ဟု မဆိုနိုင်။ အခု သေသေချာကြည့်လိုက်တော့ ဤဓါတ်ပုံထဲမှမိန်းကလေးမှာ ဝတ်ရည်နှင့် တော်တော်ဆင်တူနေတာ တွေ့ရသည်။အဲဒါကြောင့်... မနက်က ထမင်းစားပွဲမှာဝတ်ရည်နဲ့ သူဆုံတော့.. ဝတ်ရည်ကို မြင်ဖူးသလိုလို စိတ်ထဲမှာရှိနေခဲ့ခြင်းပင်။ ဘယ်မှာမြင်ဖူးတယ်ဆိုတာကတော့ ရုတ်တရက် စွေးတောမရပဲရှိခဲ့၏။

ခင်ဘုန်းဆင့်က ..

"ဝတ်ရည်ရဲ့ပုံက ဘာလို့ဒီမှာ ရောက်နေရတာလဲ"

"ဝတ်ရည်နဲ့တော့တူတယ်။ ဒါပေမယ့် ဒီပုံထဲကသူက ဝတ်ရည်မဟုတ်ဘူး။ ဓါတ်ပုံကိုကြည့်လေ။လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က.. ရိုက်ကူးထားတာဆို





တော့ ပုံက တော်တော်ဟောင်းနွမ်းနေပြီ။ ဒီတုန်းက ဝတ်ရည် မွေးဦးမှာတောင်မဟုတ်ဘူး။ဝတ်ထားတဲ့ အဝတ်အစားတွေကလည်း ဟိုတုန်းက အဝတ်အစားတွေလေ.."

ဟု ကျော်လင်းဝေက ရှင်းပြလိုက်တော့ ..

"အေး ဟုတ်တော့ဟုတ်တယ်။ ဒါဆို ဝတ်ရည်ဟာ ဒီမိန်းကလေး ဝင်စားတာပဲဖြစ်မယ်"

"လောကမှာ လူတူမရှားနာမည်တူမရှားတဲ့။ လူဝင်စားလည်း ဖြစ်ချင်မှဖြစ်မယ်"

"မင်းတို့ ဘာလုပ်နေကြတာလဲ.."

အိမ်ထဲဝင်လာသော ဒေါ်အိုစာကၤ၊သူတို့နှစ်ယောက်ကိုကြည့်ကာ ပြောလိုက်ခြင်းဖြစ်သည်။ လက်ထဲတွင်ကျွတ်ကျွတ်အိတ်နှင့် စားသောက်စရာတွေ ထည့်လာတာတွေ့ရသဖြင့် ဈေးကပြန်လာဟန်တူ၏။

အဘွားကြီးက ခင်ဘုန်းဆင့်လက်ထဲက ဓါတ်ပုံကိုယူကာ၊ ဓါတ်ပုံမှန်ပေါ်မှ ဖုံမှုန့်ကလေးတွေကို လက်ဖြင့်တယုတယသုတ်ပေးရင်း ..

"ဒါ ... ငါ့သမီးမာလာရဲ့ပုံလေ။ မာလာကွယ်လွန်သွားတာ အခုဆို (၂၂ )နှစ်တောင် ရှိခဲ့ပါပြီ"


www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုလေသည်။ ကွယ်လွန်သွားသော မိန်းကလေး အမည်က မာလာတဲ့။မာလာဆိုတာ ဝတ်ရည်နှင့်ဆက်စပ်မှု တစ်စုံတစ်ရာရှိသည့် အရာပင်ဖြစ်၏။

ကျော်လင်းဝေက ..

"အဘွားပြောခဲ့တာတွေက.. ကွက်တိ မှန်နေတယ်။ ကျွန်တော့်မှာ၊ဘာများဆိုးဆိုးဝါးဝါး ဖြစ်စရာရှိသေးလဲဟင်။ ကျွန်တော်သိပါရစေလား။ ကာကွယ်စရာ ရှိတာ ကာကွယ်လို့ရတာပေါ့"

ဟု မေးလိုက်သော်လည်း ဒေါ်အိုစာဆိုသောအဖွားကြီးက သူ့ကိုမကြည့်ပဲ ခင်ဘုန်းဆင့်ကိုသာ၊အာရုံစိုက်သလို ငေးမောကြည့်ရှုနေ၏။ သူ၏ အကောင်းပကတိ ကျန်ရှိနေသော တစ်လုံးတည်းသောမျက်လုံးဖြင့် အကြည့်ခံရသည့်ခင်ဘုန်းဆင့်မှာ ကျောရိုးထဲကပင် စိမ့်တက်သွားသော ခံစားမှုမျိုး ခံစားလိုက်ရ၏။အဘွားအိုက ခြောက်ကပ်ကပ်အက်ကွဲကွဲ လေသံဖြင့် ..

"ဒီမိန်းကလေးနဲ့ပတ်သက်ပြီးတော့ပဲ ပြောလိုက်မယ်၊ နေ့မကူးခင် ကြေကွဲစရာ ကိစ္စတစ်ခုကိုမြင်တယ်"

ဟု ပြောလိုက်၏။ ထိုစကားကို ကြားရသောအခါ ခင်ဘုန်းဆင့်က ထိတ်လန့်သွားသည်။ ကျော်လင်းဝေက ..





"ဘယ်လိုကိစ္စမျိုးလဲ အဘွား။ ပြောပြပါလား"

ဟုမေးသော်လည်း အဘွားအိုက ဘာမှဆက်ပြောမနေတော့။စကားပြောချင်စိတ်မရှိတော့သလို သူ၏ပက်လက်ကုလားထိုင်တွင်သွားထိုင်ကာ၊ ပြတင်းပေါက်မှနေ၍ အဝေးသို့ ငေးကြည့်နေလေတော့သည်။သူတို့.. အိမ်ထဲမှာရှိနေတာကို အသိအမှတ်ပြုပုံမရတော့။ ထို့ကြောင့် သူတို့ တိတ်တဆိတ် ပြန်လာခဲ့ရသည်။

အပြန်လမ်းတွင် ခင်ဘုန်းဆင့်ကားကို ကျော်လင်းဝေကမောင်းလာခဲ့၏။ ခင်ဘုန်းဆင့်က..ကျောမှီပေါ်လှန်ရင်း မျက်လုံးစုံမှိတ်ကာ လိုက်ပါလာ၏။သူ့မျက်နှာက ညှိုးလျော်နွမ်းလျ၍နေလေသည်။

"ဒီလောက်လည်း စိုးရိမ်သောက.. ရောက်မနေပါနဲ့ ဆင့်ဆင့်ရယ်။ သူပြောတိုင်း မှန်ချင်မှမှန်မှာပါ"

"ဟုတ်ပါတယ်"

ခင်ဘုန်းဆင့်က မျက်လုံးဖွင့်ကြည့်လာကာ ကိုယ်ကိုမတ်မတ် ပြန်ထိုင်လိုက်၏။

"ဒါပေမယ့်.. ကြေကွဲစရာကိစ္စဆိုတဲ့ စကားကြောင့် ရင်ထဲမှာနည်းနည်းတော့ လေးလံသွားတယ်။ မိုးကုတ်မှာရှိတဲ့အဖေကလည်း၊ ကျန်းမာရေးမကောင်း



www.burmeseclassic.com

www.burmeseclassic.com

ဘူးမဟုတ်လား။ သတင်းဆိုးများကြားရမလားလို့"

ခင်ဘုန်းဆင့်၏မိဘနှစ်ပါးလုံးက ရတနာကုန်သည်တွေဖြစ်ကာ၊ မိုးကုတ်မှာပင်နေကြသည်။ ရန်ကုန်မှာအလုပ်ရှိသည့်ခင်ဘုန်းဆင့်က အဒေါ်အငယ်နှင့်အတူ အခန်းငှားကာ နှစ်ယောက်တည်းနေထိုင်ခြင်းဖြစ်သည်။

"ဒါဆိုလည်း မိုးကုတ်ကို ဖုန်းဆက်ကြည့်ပေါ့"

ဟုကျော်လင်းဝေကတိုက်တွန်းသော်လည်း ခင်ဘုန်းဆင့်က ရုတ်တရက် ဖုန်းမဆက်ရဲ။ တော်တော်လေးကြာမှ ဖုန်းဆက်ကြည့်သည်။ အတန်ကြာအောင် စကားပြောပြီးမှ ဖုန်းကိုပိတ်ရင်း အပြုံးဖြင့် ..

"တော်ပါသေးရဲ့။ အဖေရောအမေရော နေကောင်းတယ်တဲ့။အမေပြောတာမယုံလို့ အဖေနဲ့စကားပြောကြည့်သေးတယ်။ အဖေ့အသံက ရွှင်ရွှင်လန်းလန်းကျန်းကျန်းမာမာပဲ" ဟုပြော၏။

"ကဲ .. ငါပြောတယ်မဟုတ်လား"

"ကားကို ဂရုစိုက်မောင်းပါဦး ကိုဝေရယ်"

မှန်သည်။သူ့ကားက ကားတစ်စီးကိုကျော်တက်ရင်း တစ်ဖက်ယာဉ်ကြောပေါ်၊ မတော်တဆရောက်ရှိသွားလေရာ မျက်နှာချင်းဆိုင်မောင်းနှင်လာသည့် ယာဉ်တစ်စီးနှင့်မတိုက်မိအောင် ရှောင်လိုက်ရလေတော့သည်။







www.burmeseclassic.com

www.burmeseclassic.com



ရိပ်ကနဲ မှိန်ပျပျအလင်းထဲမှ..အစိမ်းတောင့်အမှောင်ထဲသို့ပြေးဝင်သွားသည့် တစ်စုံတစ်ရာကိုတွေ့လိုက်ရ၏။အလင်းရောင် အားနည်းသဖြင့်လည်းကောင်း၊ ငွေ့လျှားပုံ လျှင်မြန်လွန်းသဖြင့်လည်းကောင်း၊ သဲသဲကွဲကွဲ မမြင်လိုက်ရ။



www.burmeseclassic.com

www.burmeseclassic.com


## ( ၅ ) ကောက်ရ၏ကံကြမ္မာ

ထုံးစံအတိုင်းပင် ဤလမ်းဆုံ၌မီးပွိုင့်မိနေပြန်သည်။ မိမိရှေ့တွင်ရပ်ထားရသည့်ကားတန်းမှာအတော်ပင်ရှည်လျား သဖြင့် ဤနေရာမှ တော်တော်နှင့်ထွက်ခွာနိုင်မည့်ပုံမပေါ်။ မီးပွိုင့်နှစ်ခါပြန်မိမည့် အခြေအနေမျိုးဖြစ်သည်။တစ်ခါတစ်ရံ မီးပွိုင့်တွင်၊ သုံးကြိမ်ဆုံရတာမျိုးပင်ကြုံဖူး၏။ယာခင်အခါ များက မီးပွိုင့်စောင့်ရတာကို၊ ခင်ဘုန်းဆင့်စိတ်ရှည်လေ့မရှိ သော်လည်း ဒီနေ့ရာမှာတော့ မီးပွိုင့်မိနေတာကိုပင်ကျေနပ်

နွှေမိုးဆောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

နေမိသေးသည်။

ဤနေရာတွင် မီးပွိုင့်မီလျှင် ဂျာနယ်ရောင်းသော ကောက်ရဆိုတဲ့ကောင်လေး ရောက်လာမည်။ဤမီးပွိုင့်က… သူကျက်စားသော နယ်မြေဖြစ်သည်။ ဒီကောက်ရဆိုသော ကောင်ကလေးနှင့် စကားပြောရတာ၊သူပျော်ရွှင်မိ၏။ကောင်လေးက ကိုးနှစ်သို့မဟုတ်.. ဆယ်နှစ်ခန့်သာရှိပေဦးမည်။စာမှကောင်းကောင်း သင်ဖူးရဲ့လားမသိ။

အမြဲတွေ့ရတာက ဘောင်းဘီတိုနှင့်။ တစ်ခါတစ်ရံ တီရှပ်။ တစ်ခါတစ်ရံ ရှပ်လက်တို။ဘာတွေပဲ..ဝတ်ထားဝတ်ထား အဝတ်အစားတွေက…ခပ်နွမ်းနွမ်း။ ကောင်လေးကညိုညိုပိန်ပိန်ညစ်ထေးထေးမို့ အထင်ကြီးစရာတော့ မရှိလှ။စာလည်းကောင်းကောင်း သင်ခဲ့ရဟန်မတူ။ သို့သော်.. စကားပြောကြည့်တော့ တော်တော်လူရည်လည်တာတွေ့ရ၏။ဘဝက သင်ပေးလေသလားမသိ။

ကားရပ်သည်နှင့်.. မော်တော်ကားမှန်ပြတင်းတွေကို ချလိုက်၏။ ကောက်ရဆိုသည့်.. ကောင်ကလေးကိုမျှော်၏။ ကောင်လေးကရောက်မလာ။တခြားကောင်လေးတွေသာဈေးလာရောင်း၏။ သူက အားလုံးကို လက်ခါပြလိုက်မိသည်။ ကောက်ရကား ရပ်ထားသောကားတန်းကြီး၏ထိပ်.. မီးပွိုင့်





အနီးတွင် ဈေးရောင်းနေဟန်တူသည်။ သူ ကားထွက်သွားတော့မှ နှုတ်ဆက်သွားတော့မည်ဟု စဉ်းစားနေခိုက် ..

ရှုတ်ရှုတ်သဲသဲအသံတွေ ကြားလိုက်ရ၏။ လူတွေက သူ့ကားကိုကျော်ဖြတ်ကာ မီးပွိုင့်ရှိရာဆီသို့ပြေးသွားကြသည်။သူက ဘေးကပြေးသွားသော လူတစ်ယောက်ကိုမေးလိုက်သည်။

"ဘာဖြစ်တာလဲ.."

"ကလေးတစ်ယောက် ကားတိုက်ခံရလို့တဲ့"

သူက.. ကားပြတင်းပေါက်မှ အရှေ့ကိုခေါင်းပြူ၍ကြည့်သည်။ ဘာမှမမြင်ရ။ သူ ကားရပ်ထားရာနေရာနှင့်၊ အခင်းဖြစ်ပွားရာနေရာမှာ အတန်ငယ်လှမ်း၍နေသည်။ ထို့ကြောင့်ပင် ကားတံခါးဖွင့်ကာ ဆင်းလိုက်ရင်း ထိုနေရာသို့ လျှောက်သွားမိသည်။

ထိုနေရာတွင် လူအတော်များများက.. ဝိုင်းအုံကြည့်ရှုနေ၏။ ခင်ဘုန်းဆင့်က လူအုပ်ကိုတိုးခွဲ၍၊ ကတ္တရာလမ်းပေါ်က မြင်ကွင်းကိုကြည့်လိုက်၏။ ကလေးတစ်ယောက်က ကတ္တရာလမ်းပေါ်တွင် လဲနေသည်။ သူ့အကျီဖြူဖြူမှာ သူ့ခန္ဓာကိုယ်မှထွက်သည့် သွေးတစ်ချို့ဖြင့်စွန်းကွက်နေ၏။သူ့ဘေးပတ်ဝန်းကျင်တွင် သူ့ဆီမှလွင့်စင်ကျဟန်တူသော၊ ဂျာ



www.burmeseclassic.com

www.burmeseclassic.com

နယ်စာစောင်များ ပြန့်ကျဲနေ၏။ သူက သသေသေချာချာ ကြည့်လိုက်သည်။ မလွဲနိုင်ပါ။ ထိုကောင်လေးမှာ ကောက်ရပင် ဖြစ်နေလေသည်။

ခင်ဘုန်းဆင့် ထိတ်ထိတ်ပြာပြာဖြစ်သွား၏။

"လုပ်ပါဦး ...ကလေးကိုဆေးရုံပို့ရအောင် ကူညီကြပါဦး"

ရပ်ကြည့်နေသူတွေ အထဲမှ ကူညီတတ်ပုံရသော... ယောကျ်ားကြီးနှစ်ယောက်က၊ ကလေးကို သူ့ကားဆီရောက်အောင်ကူမပေးခဲ့၏။တစ်ယောက်က.. ဆေးရုံအထိပင်ပါလာသည်။ခင်ဘုန်းဆင့်က ဆေးရုံကို အမြန်ဆုံးကားမောင်းသွားမိသည်။ဆရာဝန်ကမေးတော့ ကလေး၏နာမည်ကလွဲ၍ သူဘာမှမပြောပြနိုင်။

"အတတ်နိုင်ဆုံး အသက်မသေရအောင်၊ ကူညီပေးပါဒေါက်တာ"

ဟုသာ တောင်းပန်နိုင်သည်။ကောင်လေးကို အရေးပေါ်ခွဲစိပ်ကုသမှု ပြုလုပ်ကြသည်။ ခင်ဘုန်းဆင့်က အိမ်ကသူ့အဒေါ်ထံဖုန်းဆက်ကာ အပြန်နောက်ကျမည်ဖြစ်ကြောင်း ပြောလိုက်၏။ပြီးတော့.. ကောင်လေးခွဲစိပ်ခန်းက ထွက်လာသည်အထိ စောင့်ဆိုင်းနေခဲ့သည်။ဆရာဝန်များက ကုသရာ





တွင် လိုအပ်သည်ဆိုသော အရာများအားလုံးကို သူကပင် အကုန်အကျခံကာ ၀ယ်ခြမ်းပေးခဲ့၏။ခွဲစိပ်ခန်းက ထွက်လါသည့်တိုင်အောင် ကောင်လေးက သတိလစ်နေဆဲဖြစ်သည်။

ဆရာဝန်ကြီးကတော့ ..

"တို့လည်း အစွမ်းကုန်ကြိုးစားထားပါတယ်... ကျန်တာကတော့ သူ့ကံတရားလို့ဆိုရမှာပဲ"

ဟုသာ စကားပြန်၏။ ကားမောင်းကာအိမ်ပြန်လာရင်း၊ မနက်ခင်းက သူ့ကိုပြောခဲ့သော ဒေါ်အိုစာစကားတွေကို ပြန်ကြားယောင်လာသည်။

"မကြာခင် ကြေကွဲစရာကိစ္စတစ်ခုနဲ့ ရင်ဆိုင်ရလိမ့်မယ်"

ဤကိစ္စကိုပင် ရည်ရွယ်ပြောဆိုခဲ့လေသလား၊ မသိတော့။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရောက်တော့ တံခါးဘဲလ်ကိုနှိပ်ကာ.. အိပ်ပျော်နေသောသူ့အဒေါ်ကို အတော်ကြာအောင်နှိုးရ၏။

"ညစာရော စားပြီးပြီလား"

သူက... ခေါင်းခါလိုက်သည်။ အိမ်ပြန်ရောက်လျှင် သူ့အဒေါ်နှင့် အတူစားနေကျ။ ကားတိုက်မှု စိတ်ထဲရောက်နေသဖြင့် ထမင်းစားဖို့ပင်မေ့လျော့နေသည်။ သူ့အဒေါ်က..

"ဟင်းတွေ နွှေးလိုက်မယ်"

ဟု ပြောသော်လည်း ခေါင်းခါလိုက်၏။

"စားချင်စိတ်မရှိဘူး ဒေါ်လေး ..။ အိုက်စပ်စပ်ကြီး





ဖြစ်နေလို့ ဆင့်ဆင့်ရေချိုးလိုက်ဦးမယ်... ဒေါ်လေး သွားပြန်အိပ်ပါတော့"

စိတ်ရောကိုယ်ပါ နွမ်းနယ်နေသဖြင့်၊ ရေကိုအားရပါးရ စိမ်ချိုးပစ်လိုက်သည်။ရေချိုးပြီးမှ.. ဗိုက်ကဆာလောင်လာ၏။ထမင်းလည်းမစားချင်သဖြင့်.. အသင့်ရှိသောခေါက်ဆွဲထုပ်ကိုသာ၊ ရေနွေးနှင့်ပြုတ်ကာစားလိုက်ရ၏။ ခဏနေတော့ ဧည့်ခန်းထဲက နှစ်ယောက်ထိုင်ဆက်တီပေါ်တွင် သူလှဲရင်း အိပ်ပျော်သွားလေသည်။သူ.. ဘယ်လောက်ထိကြာအောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေမိသည်မသိ။

ရုတ်တရက် ဒိုင်းကနဲမြည်သံကြောင့် သူ လန့်နိုးလာတော့..လေအနည်းငယ်တိုက်ကာ ပိတ်ထားသောပြတင်းပေါက်တံခါးရွက်က.. ပြတင်းပေါက်ဘောင်ကို ရိုက်ခတ်နေတာမြင်ရ၏။ သူ အိပ်မပျော်မီက၊ ဤပြတင်းပေါက်သည် ပိတ်လျက်သားဖြစ်သည်။ယခု ဘာကြောင့်ပွင့်နေရသနည်း။

အခန်းထဲတွင် မှောင်အတိကျနေ၏။ မီးပျက်ပြန်ပြီထင်ပါသည်။ သူ ဤဆက်တီပေါ်လှဲစဉ်က တစ်ခန်းလုံးမီးတွေလင်းနေခဲ့သည်။ယခုတော့.. ပြတင်းပေါက်ကဝင်ရောက်နေသည့် လရောင်၏မှိန်ပျပျအလင်းကလွဲ၍ ဘာမှမရှိ။ လရောင်မရောက်သော ခပ်ဝေးဝေးအခန်းထောင့်များမှာမှောင်


www.burmeseclassic.com

www.burmeseclassic.com

ပိန်း၍နေလေသည်။ အခန်းထဲတွင် ခြေသံ တရှပ်ရှပ်လိုလို ကြားမိ၏။

"ဒေါ်လေးလား .."

ဟု သူလှမ်းမေးလိုက်သည်။ ပြန်ဖြေတာမကြားရ။ သူမအိပ်ခင်ကပင် ဒေါ်လေးကသူ့အခန်းထဲဝင်ကာ၊အိပ်ပျော်နေခဲ့သည်။ ယခုလိုအချိန်မျိုးတွင် အိပ်ယာမှထကာ.. လမ်းလျှောက်လိမ့်မည်မဟုတ်။ သူတို့ဆီတွင် မွေးမြူထားသော မွေး၊ကြောင် စသည့် တိရစ္ဆာန်မျိုးလည်းမရှိ။

ဘယ်ကထွက်ပေါ်လာသည့် ခြေသံလဲ။သူ... လှဲနေရာမှ ခေါင်းထောင်ထကာကြည့်လိုက်သည်။ ရိပ်ကနဲ.. မှိန်ပျပျအလင်း၊ထဲမှ အခန်းထောင့်အမှောင်ထဲပြေးဝင်သွားသည့် တစ်စုံတစ်ရာကိုတွေ့လိုက်ရ၏။ အလင်းရောင်.. အားနည်းသဖြင့်လည်းကောင်း၊ ရွေ့လျားပုံလျင်မြန်လွန်းသဖြင့်လည်းကောင်း၊ သူသဲသဲကွဲကွဲ မမြင်လိုက်ရ။

သူ.. ဆက်တီပေါ်တွင်ထိုင်နေရာမှ ထ,ပြီးရပ်လိုက်သည်။ တကယ်တော့ သူ ဤနေရာတွင်ခဏလှဲရင်း၊မထင်မှတ်ပဲ အိပ်ပျော်သွားခြင်းသာဖြစ်သည်။ တကယ်တော့ သူ့အခန်းထဲ သူပြန်ဝင်ကာအိပ်သင့်ပြီ။ပထမဆုံး မီးဖွင့်ရမည်။ သူက မီးခလုတ်ရှိရာနံရံဆီသို့ စမ်းလျှောက်သွားရင်းခလုတ်





ကိုဖွင့်လိုက်သည်။

လျှပ်စစ်မီးရောင်က တစ်ခန်းလုံး လင်းဖြာသွား၏။ ထိုအချိန်မှာပင် သူထင်မှတ်မထားသောအရာကို တွေ့လိုက်ရခြင်းဖြစ်သည်။ အခန်းထောင့်တွင် သူ့ကိုကျောပေးကာရပ်နေသည့် ကလေးတစ်ယောက်။ ရှပ်အင်္ကျီလက်တို ဘောင်းဘီတိုဖြင့်။ ဒီကလေးက ဘာကြောင့် ဒီအခန်းထဲရောက်နေရတာလဲ။ ပွင့်နေသောပြတင်းပေါက်က ဝင်လာတာတော့မဖြစ်နိုင်။ ပြတင်းပေါက်က မြင့်လွန်းသည်။ ပြတင်းပေါက်ရောက်အောင် တွယ်တက်စရာလည်း ဘာမှမရှိ။

"မင်း ..မင်း ဘယ်လိုလုပ်ဒီထဲကိုရောက်နေတာလဲ"

ဟု မေးလိုက်မိ၏။ မင်းဘယ်သူလဲဟုတော့ မေးစရာမလို။နောက်ကကြည့်ရုံဖြင့်ပင် ဤကလေးကား ကောက်ရက်လေးဖြစ်သည်ဟု သိသာလှသောကြောင့်ဖြစ်၏။ ထိုကလေးထံမှ မည်သို့သောအဖြေစကားမှ ထွက်မလာ။

ထို့ကြောင့်တဖြည်းဖြည်း၊ထိုကလေး၏နောက်ကျောဆီ ချဉ်းကပ်သွား၏။ ထိုကလေး၏ပုခုံးတွေက သိမ့်သိမ့်တုန်နေသည်။သူ...ငိုကျွေးနေကြောင်း ထင်ရှား၏။ သူ့ထံမှ ရှိုက်သံပါ ထွက်ပေါ်နေခြင်းကြောင့်ဖြစ်သည်။

"မင်း ..မင်း ဘာဖြစ်နေတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com

ကောင်လေး၏ နောက်ကျောတွင်ရပ်ကာ ခင်ဘုန်းဆင့်ကမေးလိုက်သည်။ ဒီတော့မှ ကောင်လေးက သူ့ဘက်ကိုလှည့်ကြည့်၏။ ကောင်လေး၏မျက်နှာကို မြင်ရသောအခါ.. ခင်ဘုန်းဆင့်သည် နောက်ကို တစ်လှမ်းပြန်ဆုတ်ကာ ကြောက်လန့်တကြား အော်လိုက်မိလေသည်။

အော်ဟစ်လိုက်သံသည် သူ့နှုတ်ဖျားကထွက်ကာ၊သူ လန့်နိုးလာ၏။ကြောက်စရာကောင်းသည့် အိပ်မက်တစ်ခုကို သူ မြင်မက်နေမိခြင်းဖြစ်သည်။ အိပ်မက်ထဲတွင်မြင်ရသည့် ကောက်ရ၏မျက်နှာကား ခြောက်ခြားစရာကောင်းလှသည်။ တစ္ဆေသရဲတစ်ကောင်၏မျက်နှာဆိုတာ ဒီလိုမျက်နှာသာဖြစ်လိမ့်မည်ထင်သည်။

ကလေးတစ်ယောက်နှင့် မတူ။ သွေးဆုတ်ကာ ဖြူလျော်လျော်။ မျက်တွင်းဟောက်ပက်ထဲက.. မျက်လုံးတွေက ပြူးကြောင်ကာ အနီရဲရောင်ပေါက်နေသည်။ ကားတိုက်ခံရသဖြင့် ကွဲအက်သွားသော နဖူးဆီမှသွေးစများက၊ မျက်နှာပေါ်စီးကျနေ၏။

"အို.. မဖြစ်နိုင်ပါဘူး။ ကောက်ရကားတိုက်ခံရတာ မှန်ပေမယ့် မသေသေးပါဘူး။ ဆရာဝန်ကြီးတွေက အစွမ်းကုန် ကုသပေးခဲ့တာပဲ"





ခင်ဘုန်းဆင့်က မိမိဖါသာ၊ ဖြေတွေး တွေးလိုက်မိသည်။ ပြီးတော့.. ပြတင်းတံခါးကို သွားစစ်ဆေးလိုက်၏။ ပြတင်းတံခါးက ပိတ်လျက်သားပင်ရှိသည်။ ဒီတော့မှ.. သူ အိပ်ခန်းထဲဝင်လာခဲ့၏။

ကုတင်ပေါ်လှဲရင်း ကောက်ရတစ်ယောက်.. ဘေးမသီရန်မခပါစေနဲ့ဟု ဆုတောင်းလိုက်မိသည်။ သူ့ဘဝတွင်.. ကောက်ရဆိုသော အမည်နှင့်ဆုံဆည်းခဲ့တာ နှစ်ကြိမ်ရှိလေပြီ။

ငယ်ငယ်က ,ခွေးကလေးကောက်ရ။အခု...ကောင်ကလေးကောက်ရ။ သူတို့နှစ်ယောက်လုံးပင်...ကားတိုက်ခံခဲ့ကြရတာကတော့.. ကံအကျိုးပေးပေလား။တိုက်ဆိုင်မှုလေလား။ ခွဲခြားမရတော့။



www.burmeseclassic.com

www.burmeseclassic.com



"ဆင့်ဆင့်လည်း သိသားပဲ..။ဒီကောင်က.. တကယ့်လက်တွေ့ တစ်ယူသန်သမား။ ဒီလိုကိစ္စတွေကိုလုံး ဝ.. အယုံအကြည်ရှိတာလည်း မဟုတ်ဘူး။တို့ဘက်ကလည်း ဘာမှတိတိကျကျခိုင်ခိုင်မာမာ မပြောနိုင်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



## ( ၆ ) ဘဝများစွာနှင့် လူဝင်စား

နောက်တစ်နေ့တွင် ခင်ဘုန်းဆင့်သည်.. အိမ်မှုစတ် စောစောပင် သူ့ကားနှင့်ထွက်ခဲ့သည်။ ဆေးရုံကို ဝင်ကြည့်ခြင်းဖြစ်သည်။အရေးပေါ်ကြပ်မတ်ဆောင်၏..ကုတင်တစ်လုံးပေါ်တွင် ကောက်ရသည်၊ ငြိမ်သက်စွာလှဲလျောင်းလျက်ပင်ရှိသေးသည်။ တာဝန်ကျသူနာပြုဆရာမကို မေးကြည့်တော့ ယခုအချိန်အထိ သတိပြန်လည်မလာသေးဟုဆိုသည်။

သူနာခေါင်းတွင်၊ အောက်စီဂျင်ပိုက် တပ်ဆင်ထားး



www.burmeseclassic.com

www.burmeseclassic.com

သည်ကိုတွေ့ရသည်။သူ့စန္ဒာကိုယ်တွင်..သွယ်တန်းထားသည့် ပိုက်တွေကလည်း အများကြီး။ဘာတွေဆိုတာ ခင်ဘုန်းဆင့် လည်း ဝေခွဲကာမပြောတတ်။

ခင်ဘုန်းဆင့်က.. သူယူလာခဲ့သည့် မော်တော်ကား ကလေးတွေကို ကောက်ရ၏ရင်ဘတ်ပေါ်၊အသာအယာတင် ပေးခဲ့သည်။ကောက်ရသတိရနေလျှင် စကားပြောကာ၊လက် ဆောင်ပေးဖို့ ရည်ရွယ်ယူဆောင်လာခြင်းဖြစ်သည်။ သူအင် မတန်နှစ်သက်သော၊ သူအင်မတန်လိုချင်သော ဒီကားက လေးတွေကိုရလျှင်၊ သူဘယ်လောက်ဝမ်းမြောက်ဝမ်းသာ ရှိ ရှာပေလိမ့်မည်နည်း။ အခုတော့ ဘာမှမသိ။ကောက်ရသည် သက်မဲ့အရုပ်တစ်ရုပ်လို ကုတင်ပေါ်တွင် ငြိမ်သက်စွာပင်လဲ လျောင်းနေ၏။

မနေ့ညက.. သူ ကောက်ရကို အိပ်မက်မက်သည်။ ကောက်ရက အိပ်မက်ထဲရောက်လာသည်။ သေဆုံးလု ဆဲ ဆဲလူတစ်ယောက်၏ ဝိညာဉ်အနေဖြင့်လွင့်မျောကာ သူ့ကို လာရောက် နှုတ်ဆက်ခြင်းပေလော။အိပ်ယာပေါ်တွင်မလှုပ် နိုင် ပက်လက်ဖြစ်နေသည့် ကောက်ရကိုကြည့်မြင်နေရတာ သူ့စိတ်မချမ်းသာ။ ဒီလို သူကထိုင်ကြည့်နေလို့လည်း ဘာ မှ ထူးခြားလာစရာအကြောင်းမရှိ။ ဒါကြောင့် အခန်းထဲ





ကထွက်လာခဲ့ကာ၊ ဆရာဝန်ကြီးကိုဝင်တွေ့သည်။ လိုအပ် သောဆေးဝါးနှင့် ကုသမှုကိုအသုံးပြုပေးပါ။ကုန်ကျစားရိတ် ကိုသူပေးပါမည်ဟု ဝင်ကာတောင်းပန်စကားပြောပြီး ဆေး ရုံက ထွက်လာခဲ့သည်။

သူ ရုံးခန်းထဲကို ဝင်သွားတော့ ကြိုတင်ရောက်နေ သည့်ကျော်လင်းဝေက ..

"နင် ဘယ်ရောက်နေတာလဲ။ ငါကစိတ်ပူနေတာ။ ဘာတွေဖြစ်လာတာလဲ နင့်မျက်နှာလည်းမကောင်း ပါလား"

ဟု အနီးရောက်လာကာ.. တတွတ်တွတ်မေးသည်။ ခင်ဘုန်းဆင့်က ..

"ကိုဝေက ဘာကိုစိတ်ပူတာလဲ.."

"မနေ့က ဒေါ်အိုစာပြောလိုက်တဲ့စကားကို... သူက ကြေကွဲစရာကိစ္စတစ်ခုနဲ့ မကြာမီ.. ကြုံလိမ့်မယ်လို့ ပြောခဲ့တယ် မဟုတ်လား။ သူ့စကားက လွဲခဲ့တယ် လေ။ ဆင့်ဆင့်ကလည်း တစ်ခါမှဒီလောက်ထိ ရုံး နောက်မကျဖူးဘူး။ ဒါကြောင့် စိတ်ပူနေတာ၊ ဖုန်း ဆက်တော့လည်း ဖုန်းပိတ်ထားတယ်"

"ဟုတ်တယ်။ အဲဒီတုန်းက.. ဆေးရုံရောက်နေတာ။



www.burmeseclassic.com

www.burmeseclassic.com

သူ့ဘေးမှာထိုင်နေတုန်း ဖုန်းကိုပိတ်ထားမိတာ။ပြန်ဖွင့်ဖို့ မေ့သွားလို့"

ဒီစကားကြားတော့ ကျော်လင်းဝေက၊ ပိုမိုတုန်လှုပ်ရှသွား၏။

"ဆေးရုံဟုတ်လား ...ဆေးရုံကိုဘာသွားလုပ်တာလဲ။ ဘယ်သူဘာဖြစ်လို့လဲ.."

ဟုမေးနေသဖြင့် မနေ့က.. ကောက်ရကားတိုက်ခံရသည့် အကြောင်းပြောပြလိုက်ရသည်။

"သူ့မိဘတွေက.. ဘယ်မှာ.. နေမှန်းလည်းမသိဘူး။ ဘယ်ကိုဆက်သွယ်ရမှန်းလည်း မသိတော့၊ ငါကပဲ တာဝန်ယူနေရတာ"

"အင်း .. ကုသိုလ်ရပါတယ်ဟာ၊ ဒါဆိုအဘွားကြီးရဲ့စကားက..ဒီတစ်ခါလည်း မှန်နေပြီလို့ဆိုရမှာပေါ့ ဟုတ်လား"

"အင်း .. ဒီလိုပဲ ပြောရတော့မှာပေါ့"

ခင်ဘုန်းဆင့်က ခေါင်းညိတ်ကာ၊ ဝန်ခံစကားပြောလိုက်သည်။ ကျော်လင်းဝေက ..

"ဒါဆိုငါတို့ သူ့အိမ်မှာတွေ့ရတဲ့၊ဓါတ်ပုံအကြောင်း သွားမေးရအောင် .."





"ဘာဖြစ်လို့လဲ.."

"အဲဒီထဲကကောင်မလေးက၊ ဝတ်ရည်နဲ့နွဲမရအောင် တူနေတယ်မဟုတ်လား။ ပြီးတော့ ဒီကောင်မလေးကို မင်းဇော်ကလည်း ကျနေပုံပဲ။ တကယ်လို့ဒုက္ခရောက်စရာ ရှိတယ်ဆိုရင်၊ ငါတို့ကာကွယ်လို့ရရင် ကာကွယ်နိုင်တာပေါ့"

ခင်ဘုန်းဆင့်က ..

"ဒါဆို တို့ဒီကိစ္စကို မင်းဇော်ကို ဖွင့်ပြောလိုက်ကြတာပေါ့"

"ဟာ .. ဒါတော့မဖြစ်ဘူး"

ကျော်လင်းဝေက တွေးတွေးဆဆပုံစံဖြင့်ပြောလိုက်ခြင်းဖြစ်သည်။

"ဆင့်ဆင့်လည်းသိသားပဲ။ဒီကောင်ကတကယ့်လက်တွေ့ တစ်ယူသန်သမား။ ဒီလိုကိစ္စတွေကို လုံးဝ အယုံကြည်ရှိတာလည်း မဟုတ်ဘူး။ ငါတို့ဘက်ကလည်း၊ ဘာမှ တိတိကျကျခိုင်ခိုင်မာမာ မပြောနိုင်ဘူး။ ဒီတော့ တို့ဖါသာဆောင်ရွက်တာပဲ ကောင်းတယ်။လိုအပ်တဲ့တစ်ချိန်ကျမှ ဖွင့်ပြောကြတာပေါ့"

ဟုပြောတော့ ခင်ဘုန်းဆင့်က၊ကျော်လင်းဝေစကား

www.burmeseclassic.com

www.burmeseclassic.com



ကို လက်ခံလိုက်သည်။ထိုအခိုက် အခန်းထဲသို့ မင်းဇော်ဝင်လာကာ ..

“ဟိုနှစ်ယောက်သား ဘာတွေ..ခေါင်းချင်းဆိုင်တွတ်ထိုးနေတာလဲ..”

ဟုပြောလိုက်၏။သူတို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြိုင်တူပင် ..

“ဘာမှ မဟုတ်ပါဘူး”

ဟုပြောလိုက်ကြသည်။ မင်းဇော်ကပြုံးလိုက်ကာ ..

“ငါ့ကို မင်းတို့ တစ်ခုခုတော့ ဖုံးကွယ်ထားတယ်မဟုတ်လား”

“ဟာ .. မရှိပါဘူး။ ဘာမှ ဖုံးကွယ်မထားပါဘူး”

ကျော်လင်းဝေက.. ပြာပြာသလဲငြင်းလိုက်၏။ မင်းဇော်က..

“အေးလေ...ငါမမေးတော့ပါဘူး။ မင်းတို့လိုတော့ငါက ဖုံးကွယ်မထားတတ်ဘူး။ ငါကတော့ မင်းတို့ကို ဖွင့်ဟကြေငြာစရာရှိတယ်။ မင်းတို့နှစ်ယောက်က ငါ့ရဲ့ အချစ်ဆုံးသူငယ်ချင်းတွေ မဟုတ်လား”

နှစ်ယောက်လုံးက စိတ်ဝင်တစားဖြစ်သွားကြသည်။

“ဘာများလဲ..”



“ငါ .. လက်ထပ်တော့မယ်”

ဒီတစ်ခါတော့ နှစ်ယောက်လုံး အာမေဋိတ်သံထွက်အောင် အံ့သြမိကြသည်။ မင်းဇော်က ရယ်လိုက်ပြန်သည်။ သူက အတော်ပင် ပျော်ရွှင်ကြည်နူးနေပုံရ၏။

“ငါပြောတာ နည်းနည်းတော့လောသွားတယ်... ငါပြောချင်တာက ငါ ချစ်သူရသွားပြီဆိုတာပဲ။ အဲ.. သူကလက်ခံမယ်ဆိုရင်တော့၊သိပ်မကြာခင်မှာလက်ထပ်ဖြစ်မှာပေါ့ကွာ။ငါ့မိဘတွေကလည်း ငါမြန်မြန်လက်ထပ်တာကို လိုလားနေကြတာပဲဥစ္စာ”

“အဲဒီ ကံကောင်းသွားတဲ့ မိန်းကလေးက၊ ဘယ်သူလဲ..”

ကျော်လင်းဝေက မေးလိုက်၏။ သို့သော် မင်းဇော်မဖြေခင် ခင်ဘုန်းဆင့်က လက်ကာပြ၍တားလိုက်ကာ..

“နေဦး ...ငါကအရင်.. ဖြေကြည့်ချင်တယ်။အဲဒီမိန်းကလေးက ဝတ်ရည်မဟုတ်လား”

ဟုပြောလိုက်၏။ မင်းဇော်က ..

“နင်က ဘယ်လိုလုပ်သိတာလဲ..”

“နင်တို့နှစ်ယောက်ကို.. အကဲခတ်လိုက်ရင်သိတာပဲ။ တစ်ယောက်ကိုတစ်ယောက်ကြည့်တဲ့.. မျက်လုံးတွေ



www.burmeseclassic.com

www.burmeseclassic.com

က အချစ်ရည်ရွှန်းလဲ့နေကြတယ်လေ”

ကျော်လင်းဝေက လက်ခုတ်တီးကာ..

“အင်း ..ဒီလိုကိစ္စမျိုးတွေမှာတော့၊ မိန်းကလေးတွေ ပိုကျွမ်းကျင်တယ်။ ကွန်ကရက်ကျူလေးရှင်းပဲ မင်းဇော်”

သူတို့သုံးယောက် ပွဲ့ဖက်နှုတ်ဆက်လိုက်ကြသည်။ မင်းဇော်က ..

“ငါ မနေ့ညက သူ့ကို ချစ်တဲ့အကြောင်း ဖွင့်ပြော လိုက်တယ်”

“နည်းနည်းတော့ မြန်သလိုပဲ”

“အိုင်စီတီနည်းပညာ ထွန်းကားနေတဲ့ အင်တာနက် ခေတ်ကြီးလေကွာ။ မြန်တယ်ဘယ်ပြောနိုင်မလဲ။အ ရင်ကလို သုံးနှစ်သုံးမိုး အရိပ်အခြည်ကြည့် အကဲ ခတ်နေရင်တော့၊နောက်ကျကျန်ရစ်ဖြစ်သွားမှာပေါ့”

“ဟုတ်ပါပြီ။ သူကလည်း မငြင်းဘူးပေါ့”

“အေး ...မတော်တဆကြုံရင်း ချစ်သူတွေဖြစ်ကြရ တယ်ဆိုတော့ ဖူးစာလို့ဆိုရမလားပဲ..။ လက်ထပ်ဖို့ ကိစ္စကတော့ နယ်ကသူ့မိဘတွေဆီလှမ်းအကြောင်း ကြားပြီး ခွင့်ပြုချက်ယူရဦးမှာဆိုတော့၊ ချက်ချင်းမ





ဖြစ်နိုင်သေးပါဘူး”

နေ့ခင်း ထမင်းစားချိန်ကျသောအခါ၊ ဝတ်ရည်နှင့် ထမင်းအတူစားရန် ချိန်းထားသည်ဆိုပြီး၊ မင်းဇော်ကထွက် သွားသည်။ သူတို့နှစ်ယောက်ကို လိုက်ခဲ့ဖို့ခေါ်သော်လည်း၊ သူတို့ကငြင်းလိုက်၏။ သူတို့နှစ်ယောက်မှာလည်း ရည်ရွယ် ချက်တစ်ခု ရှိသောကြောင့်ဖြစ်သည်။

မင်းဇော်ထွက်သွားသည်နှင့်.. သူတို့ နှစ်ယောက်က လည်း ကားတစ်စီးနှင့် မဂ်လာဒုံသို့ထွက်ခဲ့ကြသည်။ဒေါ်အို စာဆီ မေးမြန်းရန်ဖြစ်သည်။ဒီတစ်ခါတော့.. ကျော်လင်းဝေ ကားနှင့် ထွက်လာကြခြင်းဖြစ်သည်။ခင်ဘုန်းဆင့်က ကား မမောင်းချင်ဆိုသဖြင့် ကျော်လင်းဝေက မောင်းလာခြင်းဖြစ် သည်။ ခင်ဘုန်းဆင့်က ဘေးမှထိုင်ကာလိုက်ပါလာရင်း ..

“အဖွားကြီးရဲ့ ကွယ်လွန်သွားတဲ့သမီးနဲ့ ဝတ်ရည် က ဘာလို့တူနေရတာလဲ”

“သူတို့နှစ်ယောက်ရဲ့ နာမည်တွေကလည်း ဆက် စပ်မှုရှိတယ်။ မာလာနဲ့ဝတ်ရည်လေ”

“ဒါကြောင့် ကွယ်လွန်သွားတဲ့မာလာက.. ဝတ်ရည် အဖြစ် ဝင်စားတာလား”

“မြန်မာပြည်မှာသာ မကဘူး။ ကမ္ဘာပေါ်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com

လူဝင်စားတွေအများကြီးပါ။ သီးသန့်သုတေသနပြုနေတဲ့ လူတွေလည်းရှိတယ်။ အချက်အလက်တွေက လက်ခံနိုင်လောက်အောင်ခိုင်မာတယ်.. ဘုရားရှင်ကလည်း သတ္တဝါတွေသံသရာမှာ၊ ဒီလိုပဲအဖန်တလဲလဲ ဘဝများစွာကျင်လည်နေရတယ်လို့ ဟောကြားခဲ့တာပဲ”

“အဲဒါက ပြဿနာမဟုတ်ဘူး။ မာလာဟာအသက်နှစ်ဆယ်မှာ ကွယ်လွန်ခဲ့တာတဲ့။အခု.. ဝတ်ရည်ကလည်း ဒီအသက်အရွယ်ပဲ။ ဒီတော့ ကြမ္မာရဟတ်တစ်ပတ်လည်လာမှာ ဆိုးတာ”

တကယ်တော့ဒီလိုကိစ္စမျိုးက၊သူတို့ဉာဏ်မမီလောက်အောင် နက်နဲဆန်းပြားသည်။ ကားကို.. လမ်းဘေးသစ်ပင်အောက်တွင်ရပ်ပြီး ဒေါ်အိုစာအိမ်ဘက် လျှောက်လာခဲ့ကြသည်။ ထုံးစံအတိုင်း သချိုင်းပျက်ကိုဖြတ်လျှောက်ကြတော့၊ ခင်ဘုန်းဆင့်က သူ့အနားကို မသိမသာတိုးကပ်လာကာ၊သူ့လက်မောင်းတစ်ဖက်ကို ဆုတ်ကိုင်ထားရှာသည်။

ကျော်လင်းဝေက.. ကြိတ်ကာပြုံးလိုက်၏။ဘာပဲဖြစ်ဖြစ် မိန်းကလေးတွေက ကြောက်တတ်ကြကာ အနီးနားက ယောကျ်ားလေးကိုအားကိုးရာသဖွယ် သဘောထားကြတာ





အစဉ်အလာတစ်ခုလိုဖြစ်နေဟန်တူ၏။အိမ်ရှေ့ရောက်တော့

“ဆင့်ဆင့် မင်းကြောက်နေရင်လည်း အိမ်ပြင်ကပဲစောင့်နေလေ”

ဟု ကျော်လင်းဝေကပြောလိုက်၏။ဒီလိုပြောတာကိုကျတော့ ခင်ဘုန်းဆင့်က မခံချင်။

“ငါက.. ဘာကိုကြောက်ရမှာလဲ။ ငါလည်း ဝင်မှာပေါ့”

ဟုဆိုကာ အိမ်ထဲကို ဝင်လိုက်လာသည်။ အိမ်ခန်းမှာ .မှောင်မည်းတိတ်ဆိတ်နေ၏။နေ့ခင်းပင်ဖြစ်သော်လည်း ဤတဲတွင်ပြတင်းပေါက်မရှိ။အိမ်အမိုးကလည်း ..တော်တော်ကုတ်တော့၊ အလင်းရောင်က အတွင်းသို့ ကောင်းကောင်းမရောက်။သူတို့နှစ်ယောက်အိမ်ထဲဝင်သောအခါ၊ တံစက်မြိတ်နှင့်ခေါင်းမတိုက်မိအောင် ခေါင်းကိုငုံ့ကြရသည်။

ခပ်မှောင်မှောင်..အလင်းရောင်ဖျော့ဖျော့သာရှိသည့် အခန်းထောင့် ပက်လက်ကုလားထိုင်၊အဟောင်းကြီးပေါ်တွင် ခေါင်းငိုက်စိုက်ကျနေသည့် အဖွားကြီးကိုတွေ့လိုက်ရသည်။

ခင်ဘုန်းဆင့်က ..

“အဖွားကြီး သေနေပြီ”

ဟုကြည့်ကာ ပြောလိုက်သည်။ ဟုတ်တော့ဟုတ်


www.burmeseclassic.com

www.burmeseclassic.com

သည်။အဖွားကြီးထိုင်နေပုံက..လုံးဝအလှုပ်အယှက်မရှိ။ခေါင်းကလည်း ရှေ့ကိုငိုက်ကျနေလေသဖြင့်၊ ကျော်လင်းဝေကပါ သေဆုံးနေပြီဟု ထင်လိုက်သေး၏။ ထို့ကြောင့် သူတို့နှစ်ယောက်က အသေအချာအကဲခတ်ရန် အနားသို့တိုးလျှောက်သွားစဉ် ..

ရုတ်တရက် အဖွားကြီးက ခေါင်းမော့လာကာ..

"မင်းတို့ ရောက်လာကြပြန်ပြီလား"

ဟုမေးလိုက်လေရာ.. "အမေ့" ဟုအသံထွက်အောင်ပင် ခင်ဘုန်းဆင့်မှာ လန့်ဖြတ်၍ သွားပါလေတော့သည်။





အင်းလျားလမ်းဆိုတာ ကားအသွားအလာ ရှင်းတာကတော့ အမှန်ပင်ဖြစ်သည်။သို့သော်.. ကားမောင်းသင်တယ်ဆိုကတော့ အင်မတန်အန္တရာယ်များသောအလုပ် ..



www.burmeseclassic.com

www.burmeseclassic.com


## ( ၇ ) သေတွင်းမှလွတ်မြောက်ခြင်း

"အဖွားကိုကျွန်တော်တို့ မေးစရာလေးတစ်ခုရှိလို့ပါ"

ကျော်လင်းဝေက ရိုရိုသေသေ လေးလေးစားစားပင် ပြောလိုက်၏။ အခုမှ.. သူသတိရသည်။ အဖွားအိုကို ဒီလို မေးဖို့အတွက် သူသည် အဖွားစားဖို့ မုန့်ပဲသရေစာလေးဘာလေး အနည်းအကျဉ်းတော့ ဝယ်လာဖို့ကောင်းသည်။အရေးတကြီးထွက်လာခဲ့မိသဖြင့် ဘာမှပါမလာပဲဖြစ်နေသည်။ဒီအတွက်အားနာရသည်။



www.burmeseclassic.com

www.burmeseclassic.com

ခင်ဘုန်းဆင့်မှာ မျက်စိမျက်နှာပျက်ကာ သူ့နောက်တွင် ကိုယ်တစ်ခြမ်းကွယ်၍နေ၏။

"ဘာမေးမှာလဲ။ ငါက အားလုံးသိနေတဲ့သူတော့မဟုတ်ဘူး"

"ဒီလိုပါ။ ဒီဓါတ်ပုံထဲက ..သူဟာ"

"အဲဒါ ငါ့သမီးမာလာလို့ ပြောခဲ့ပြီးပြီထင်ပါတယ်"

"ဟုတ်ပါတယ် ...ဒါပေမယ့်အဲဒီပုံက ကျွန်တော်တို့ သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ဝတ်ရည်ဆိုတဲ့ကောင်မလေးနဲ့ တထေရာတည်း တူနေပါတယ်"

"ဝတ်ရည်ဟုတ်လား"

အဖွားအိုက ရည်ရွတ်လိုက်၏။ ပြီးတော့ ..

"မင်းတို့ပြောတဲ့ ဝတ်ရည်ကိုငါမသိဘူး ..ငါသိတာက မာလာ.. ငါ့သမီးမာလာပဲ"

ဟု ခပ်တိုးတိုးဆိုသည်။ကျော်လင်းဝေက.. ဓါတ်ပုံထဲကမာလာကို လက်ညှိုးထိုးပြကာ ..

"သူက.. ကျွန်တော်တို့ သူငယ်ချင်းဖြစ်နေတယ်။သူဘာဖြစ်နိုင်လဲဟင်။သူ့မှာ ဆိုးဆိုးဝါးဝါး အန္တရာယ်တွေ ကျရောက်နိုင်သလား"

ဟု မေးလိုက်သည်။ ဒေါ်အိုစာက ဓါတ်ပုံကိုလက်





ညှိုးဖြင့်ထောက်ကာ..

"သူကသေပြီ"

ဟုဆိုသည်။ခင်ဘုန်းဆင့်နှင့်ကျော်လင်းဝေတို့ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ကြသည်။

"အဖွား ဘယ်လိုဖြစ်မယ် သေသေချာချာ ပြောပါဦး"

ခင်ဘုန်းဆင့်ကမေးသော်လည်း အဖွားအိုက.. နတ်ပူးသလိုတုန်တုန်ရီရီနှင့် ဓါတ်ပုံကိုစူးစိုက်ကြည့်နေပြီး ..

"သူသေပြီ .. သူသေပြီ .. သူသေပြီ"

ဆိုသောစကားကိုသာ ထပ်တလဲလဲရွတ်ဖတ်နေလေတော့သည်။ အဖွားကြီးကို ဘာမှဆက်မေး၍လည်း ရနိုင်မည်မထင်။ သူတို့နှစ်ယောက် ထိုအိမ်မှ ပြန်ထွက်လာခဲ့ကြသည်။ လမ်းတွင် ကျော်လင်းဝေက ..

"ဆင့်ဆင့်ရေ ...မင်းဇော်ကိုဆက်သွယ်ပြီး တစ်ခုခုမဖြစ်ခင် အသိပေးမှဖြစ်တော့မယ်"

"နင်က ဘာဖြစ်မယ်ထင်နေလို့လဲ.."

"တစ်ခုခုတော့ ဖြစ်တော့မယ်လို့ထင်တယ်.. ဒီတစ်ခါ အန္တရာယ်ကျရောက်မှာက.. ဝတ်ရည်ပဲဖြစ်လိမ့်မယ်"


www.burmeseclassic.com

www.burmeseclassic.com

"တို့ပြောရင်ရော သူတို့ကယုံမှာလား"

"ယုံယုံ ..မယုံယုံ.. ပြောရတော့မှာပဲ။သူတို့ယုံမှာကို စောင့်နေရင် သိပ်နောက်ကျသွားလိမ့်မယ်"

ကားထဲရောက်တော့ ခင်ဘုန်းဆင့်ကကားကိုမောင်းသည်။ ကျော်လင်းဝေက မင်းဇော်ထံဖုန်းဆက်သည်။

"မင်းဇော် .. မင်း အခုဘယ်မှာလဲ"

"အင်းလျားလမ်းမှာ ဘာဖြစ်လို့လဲ.."

"မင်းနဲ့အတူတူ ဝတ်ရည်ရောရှိနေသလား"

"ရှိနေတယ်။ သူက ကားမောင်းသင်ချင်တယ်ဆိုလို့ ငါသင်ပေးနေတာ"

အင်းလျားလမ်းမှာ ကားအသွားအလာရှင်းသည်က အမှန်ပင်ဖြစ်သည်။သို့သော် ကားမောင်းသင်တယ်ဆိုတာက အင်မတန် အန္တရာယ်များသောအလုပ်။

"မင်းဇော် မင်းကိုငါ..အရေးတကြီးပြောစရာရှိတယ် သေသေချာချာနားထောင်.. မင်းတို့ကားမောင်းသင်နေတာ အခုချက်ချင်းရပ်ပစ်လိုက်။ ပြီးတော့လည်း တန်းကါမစွတာဘာရောင်း ကော်ဖီဆိုင်ကစောင့်နေ"

"ဘာတွေ ပြောနေတာလဲ.."

"ဒီတစ်ခါပဲ ငါပြောတာကို လိုက်နာပါ။ ငါနဲ့ဆင့်





ဆင့်နဲ့ မင်္ဂလာဒုံကပြန်လာနေပြီ။ မင်းနဲ့တွေ့တော့မှ အကြောင်းစုံကို အသေးစိတ်ပြောပြမယ်"

"ကောင်းပြီလေ..၊တော်တော်ကြာမှတွေ့ကြတာပေါ့။ မင်းမဟုတ်တာတွေ ပြောတာဆိုရင်တော့ ငါ့လက်သီးနဲ့တွေ့မယ်"

မင်းဇော်က ကြိမ်းမောင်းလိုက်သည်။ ကျော်လင်းဝေက ..

"အိုကေ .. စိမ်လိုက်"

ဘာပဲဖြစ်ဖြစ် သူ့စကားကို နားထောင်မည်ဆိုသည့်အတွက်တော့၊ ကျော်လင်းဝေ အနည်းငယ် စိတ်ချမ်းသာ၍ သွားလေသည်။


www.burmeseclassic.com

www.burmeseclassic.com

မစ္စတာဘာရောင်း လဘက်ရည်ဆိုင်ထဲတွင်၊မင်းဇော်ကထိုင်စောင့်ရင်း ကျော်လင်းဝေတို့ကို စိတ်တိုနေသည်။ ဒီကောင်ပြောတဲ့စကားတွေက အရင်းမရှိ အဖျားမရှိ။ ဘာ.. ဟူ၍လည်း သူတော့ အဓိပ္ပါယ်ကောက်လို့မရ။သို့သော် သူ့လေသံက.. တကယ့်ကိုစိုးရိမ်ပူပန်မှုနှင့် အရေးတကြီးလေသံပေါက်နေသည်။ ဝတ်ရည်ကတောင် ..

"ဘာတွေဖြစ်နေတာလဲ .. ကိုဇော်"

ဟု မေး၏။ သူက..

"ကိုယ်လည်း ရှင်းမပြတတ်ဘူး ...သူတို့နှစ်ယောက်





လာမှပဲ သေသေချာချာသိရမှာ"ဟုသာပြောနိုင်၏။

ခဏနေတော့၊ ဆိုင်ထဲကို ရေးကြီးသုတ်ပြာဟန်နှင့် ကျော်လင်းဝေနှင့်ခင်ဘုန်းဆင့် ဝင်လာတာတွေ့ရသဖြင့် သူတို့ထိုင်နေသော စားပွဲမှ မင်းဇော်က လက်တစ်ဖက်မြှောက်ပြလိုက်၏။ သူ့ကိုမြင်သွားကာ ထိုနှစ်ယောက်က၊ စားပွဲဆီလျှောက်လာကြ၏။

သူတို့ထိုင်မိသည်နှင့် မင်းဇော်က ..

"ကဲ ..မင်းတို့ပြောစရာရှိတာ ပြောပေတော့ကွဝေ"

ဟု လမ်းဖွင့်ပေးလိုက်၏။ ထိုအချိန်မှစ၍ ကျော်လင်းဝေနှင့်ခင်ဘုန်းဆင့်က ခရားရေလွှတ်တတွတ်တွတ်တစ်ယောက်တစ်လှည့် ပြောကြတော့သည်။ သူတို့ပြောတဲ့အထဲတွင် ဒေါ်အိုစာ၊သချိုင်းပျက်၊ကောက်ရုံရှေ့ဖြစ်ဟောခြင်းအစုံအလင်ပါဝင်၏။မင်းဇော်က နားထောင်ရင်းနှင့်၊တော်တော်ပင် စိတ်ပျက်လက်ပျက်ဖြစ်လာသည်။

"ငါ့အဖေမိတ်ဆွေ ဒေဝစကြာဆိုတဲ့ စာရေးဆရာကြီးရှိတယ်။အဲဒီအကြောင်းတွေ မင်းတို့ သူ့ကိုသွားပြောပြဖို့ကောင်းတယ်။ ဂမ္ဘီရဝတ္ထု ကောင်းကောင်းတစ်ပုဒ်တော့ ဖြစ်မှာပဲ"

ဟု၊မင်းဇော်က သရော်ရော် တော်တော်မှတ်ချက်ချ


www.burmeseclassic.com

www.burmeseclassic.com

လေသည်။ ကျော်လင်းဝေက ..

"ငါတို့လည်း အစကမယုံဘူး။ အခုကိုယ်တွေ့ကြုံရလို့ မင်းကိုပြောပြနေတာ"

"တော်တော့ကွာ ..မင်းတို့ဟာ ငါ့လုပ်ဖော်ကိုင်ဖက်တွေ ...အခင်ဆုံးသူငယ်ချင်းတွေမို့လို့ ငါဒီလောက်သည်းခံနားထောင်နေမိတာ။ငါ့အတွက် တော်တော်အလုပ်ပျက်သွားပြီ"

ဝတ်ရည်ကတော့၊ မျက်လုံးကလေး အပြူးသားနှင့်သာ သူတို့စကားကို နားထောင်နေသည်။ ဒီစကားတွေကို ယုံသင့်မယုံသင့်ဆိုတာကတော့၊သူကိုယ်တိုင်လည်း ဝေခွဲဆုံးဖြတ်လို့မရ။ ခင်ဘုန်းဆင့်က ..

"တို့က တကယ့်စေတနာနဲ့ ဒီစကားတွေကိုပြောနေတာပါ"

"နင်တို့စေတနာကို လေးစားပါတယ်။ ဒါပေမယ့်.. ငါလက်မခံနိုင်ဘူး။ ဒီလိုသဘာဝလွန် ကိစ္စတွေကို ငါမယုံဘူးဆိုတာ နင်တို့လည်းအသိသားပဲ။နောက်ဆို ..မင်းတို့ ယုံချင်ရာယုံနိုင်တယ်။ ငါမတားမြစ်ပါဘူး။ ဒါပေမယ့် ဒီလိုကိစ္စတွေကိုတော့ ငါ့ဆီကို သယ်ဆောင်မလာကြနဲ့တော့ ငါတောင်းပန်ပါ





တယ်"

ပြောပြောဆိုဆိုပင် မင်းဇော်က ထိုင်ရာမှထ,လိုက်သည်။ ကျော်လင်းဝေက ..

"မင်း ဘယ်သွားမလို့လဲ.."

"ငါတို့ ..ကားမောင်းပြန်သင်ကြမယ်လေ..။တို့လက်မထပ်ခင် ဝတ်ရည်.. ကားမောင်းလိုင်စင်ရထားစေချင်တယ်"

"ဒီကိစ္စကို လက်လျှော့လိုက်ဖို့ ငါပြောချင်တယ်"

"တော်တော့ .. ကိုဝေ"

မင်းဇော်က အော်လိုက်သည်။

"ဝတ်ရည် ဒါမှမဟုတ်ငါ... ဘာဖြစ်မှာလဲ။ ဘာမှ မင်းလည်း ..ရေရေရာရာသေသေချာချာ မပြောနိုင်ဘူး မဟုတ်လားကိုဝေ။ မင်းတို့ကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ငါ့ကို ဆက်မနှောက်ယှက်ပါနဲ့တော့.."

အခုတော့ ဘာမှမတတ်နိုင်တော့။ ကျော်လင်းဝေ၏လက်မောင်းတစ်ဖက်ကို ခင်ဘုန်းဆင့်က၊လာရောက်ဆုတ်ကိုင်၏။သူ့ကို နှစ်သိမ့်မှုပေးသည့်သဘော။ပြီးတော့... မင်းဇော်ကိုဆက်မဆန့်ကျင်ရန် သတိပေးသည့်သဘော။



www.burmeseclassic.com

www.burmeseclassic.com

သူကြည့်နေစဉ် မင်းဇော်နှင့်ဝတ်ရည်က ဆိုင်ရှေ့တွင်ရပ်ထားသည့် သူတို့ကားဆီသို့ လျှောက်သွားကြသည်။ မင်းဇော်၏ကားမှာ၊ တိုရိုတာလင်ကရူဇာ အစိမ်းပုတ်ရောင် အကောင်းစား၊ကားကြီးတစ်စီးပင်ဖြစ်သည်။သူတို့နှစ်ယောက်သား အနားရောက်၍ ကားတံခါးကိုဆွဲဖွင့်ကာ ကားပေါ်သို့ တက်မည်ပြုစဉ်မှာပင် မထင်မှတ်သောအဖြစ်အပျက်က၊ဖြစ်ပျက်လာ၏။

ဘရိတ်ပေါက်သွားဟန်တူသော ခရီးသည်တင် ဟီးနိုးကားကြီးတစ်စီးက ရပ်ထားသောသူတို့ကားကို အရှိန်ပြင်းစွာ ဝင်ရောက်တိုက်လိုက်မိခြင်းဖြစ်သည်။ဂျိမ်းကနဲအသံကြီးကျယ်လောင်စွာ မြည်ဟီး၍သွားသည်။ မင်းဇော်၏ကားမှာ ကားကြီးတိုက်မိသည့်အရှိန်ဖြင့်၊ပိန်ချိုင့်ကွေးကောက်သွား၏။ ထိုအခိုက်မှာသာ မင်းဇော်တို့ ကားထဲမှာ ရှိနေမည်ဆိုပါက ဘယ်နည်းနှင့်မှ အသက်ရှင်နိုင်လိမ့်မည် မထင်ပါချေ။

အခုတော့ ..





စိတ်တုန်လှုပ်ခြောက်ခြားသွားသော ဝတ်ရည်ကို၊သူ့ဆိုင်သို့ ခင်ဘုန်းဆင့်ကားဖြင့်ပင် လိုက်လံပို့ပေးခဲ့သည်။မင်းဇော်ကမူ ယာဉ်တိုက်မှုကိစ္စဖြေရှင်းရန်၊ထိုနေရာတွင်ပင်ကျန်ရစ်ခဲ့လေသည်။

ကံကောင်းထောက်မစွာ၊ သေတွင်းက လွတ်ကင်းရခြင်းဟု ဝတ်ရည်ကယုံကြည်သွားသော်လည်း မင်းဇော်ကမူ ဤကိစ္စကို.. တင်းပြည့်ကျပ်ပြည့် လက်မခံချင်သေးပေ။ဒီလိုကိစ္စမျိုးတွေက ဖြစ်တတ်ပါတယ်ဟုသာ.. အေးအေးလူလူဆိုသည်။ ဘာပဲဖြစ်ဖြစ် သူငယ်ချင်း ဘေးဒုက္ခမကြုံရသည့်အ



www.burmeseclassic.com

www.burmeseclassic.com

တွက် ကျော်လင်းဝေရော ခင်ဘုန်းဆင့်ပါ ကျေနပ်နှစ်သိမ့်သွားကြသည်။

သူတို့နှစ်ယောက် အလုပ်ခန်းပြန်ရောက်ပြီး မကြာမီ မင်းဇော်ထံမှဖုန်းလာသည်။

“ဒီက ကိစ္စပြတ်ပြီ။ ဒါပေမယ့်ဒီနေ့တော့ ငါရုံးကို မလာတော့ဘူး။ အိမ်ပြန်ပြီး နားမလို့ စိတ်မောလူမောဖြစ်နေတယ်”

ဟုဆိုသည်။ ကျော်လင်းဝေက ..

“ကောင်းသားပဲ .. မဂ္ဂဇင်းမှာလည်း ပေါင်ပိတ်ပြီး စဆိုတော့ ဘာမှလုပ်စရာကိုင်စရာ သိပ်မရှိပါဘူး”

ဖုန်းပိတ်လိုက်ပြီးတော့ ကျော်လင်းဝေက၊ ခင်ဘုန်းဆင့်ကိုကြည့်လိုက်သည်။ ‘ခင်ဘုန်းဆင့်က.. ကော်ဖီနှစ်ခွက် ဖျော်နေ၏။အလိုက်သိတတ်သောသူငယ်ချင်းဟု ကျော်လင်းဝေကတွေးလိုက်သည်။ငယ်ငယ်ကတည်းကပဲ.. ခင်ဘုန်းဆင့်နှင့်သူ အတူတူရှိနေရလျှင်၊ စိတ်ချမ်းသာ ပျော်ရွှင်နေတတ်သည်။ ဒါကိုပဲ အချစ်ဟုခေါ်လေသလား။

ကော်ဖီနှစ်ခွက်ယူဆောင်လာကာ တစ်ခွက်ကိုသူ့ဆီ ကမ်းပေးရင်း ခင်ဘုန်းဆင့်ကမေးလိုက်သည်။

“ဘာတွေတွေးနေတာလဲ..”





သူ့ပုံစံက ခင်ဘုန်းဆင့်ရိပ်မိလောက်အောင်ပင်၊တွေတွေငေးငေး ဖြစ်နေပုံရသည်။သူ့ပါးစပ်ကယောင်ထွက်သွားသည်။

“အချစ် ..”

“ဘာ ..”

ဒီတော့မှ ကျော်လင်းဝေက စကားပြင်ကာ..

“ဪ ..သူတို့နှစ်ယောက်ကြည့်ရတာ တော်တော်ချစ်နေပုံရတယ်လို့”

“အားကျနေတာလား ..”

သူဆက်မပြောတော့။ ဆက်ပြောရလျှင်.. ရင်ထဲမှာ သိမ်းဆည်းထားရသောစကားတွေက ပွင့်ကန်ထွက်ကုန်လိမ့်မည်။ ခင်ဘုန်းဆင့်က သက်ပြင်းချကာ..

“ဒီနေ့ တော်တော်မောသွားတယ်။ လူမောတာရော ရင်မောတာရောပဲ”

“ဒါကြောင့် ညနေ တို့ ထမင်းအတူတူသွားစားကြမယ်”

“ဘယ်မှာလဲ..”

“မင်းစားချင်တဲ့ စားသောက်ဆိုင်တစ်ဆိုင်ပေါ့”

“မင်းဇော်ရော ခေါ်ဦးမလား”


www.burmeseclassic.com

www.burmeseclassic.com

"ခေါ်လိုက်ရင် သူ့အတွက် အနှောက်အယှက် ပေးသလိုဖြစ်နေလိမ့်မယ်။ ဒီအတိုင်းခဏတော့.. လွှတ်ထားပေးလိုက်ပါ"

"ဟုတ်တယ် ...စိတ်ညစ်စရာရှိရင် လူတွေကအစားအသောက်ပျက်တတ်တယ်။ ဒါကြောင့် ဂရုစိုက်ပြီး အစာစားနိုင်အောင် ကြိုးစားကြရမယ်တဲ့။ အစာအဟာရပြည့်ဝတော့မှ စိတ်ပင်ပန်းလူပင်ပန်းဒဏ်ကိုခံနိုင်မှာလေ"

ညနေစောင်းတော့ သူတို့ ကရဝိတ်ဟော်တယ်သွားကာ ဘူပေးစားကြသည်။ စားစရာဟင်းအမယ်တွေကတော်တော်စုံလင်သည်။ တကယ်တော့ သူတို့ နှစ်ယောက်လုံးက၊ အစားနည်းကြသည်။ ဒီတော့ အလျှံအပယ်ကြိုက်သလိုစားသုံးနိုင်သော၊ ဘူပေးပွဲတွေနှင့်သိပ်မကိုက်။အမယ်စုံစုံစားချင်သဖြင့် တစ်မျိုးနည်းနည်းစီသာ တို့ကနန်း ဆိတ်ကနန်းစားသောက်နိုင်သည်။ပြီးတော့ ရေခဲမုန့်တစ်ခွက်စီစားကြသည်။ ခင်ဘုန်းဆင့်က.. ရေခဲမုန့်တော့ကြိုက်သည်။နောက်တစ်ခွက်စားချင်သည်ဆိုသဖြင့် သူကသွားယူပေးရသည်။

ညဦးက.. အတော်ပင်သာယာလှပသည်။အဝေးတွင်မီးရောင်ဖြင့် ထွန်းပနေသော ရွှေတိဂုံဘုရားကို လှမ်းကာဖူး





မျှော်ရ၏။ သူ့ရင်ထဲကအချစ်တွေကို ဒီအချိန်မှာ ဖွင့်လှစ်ပြရရင် ကောင်းလေမလား။

"ဘာတွေ ဒီလောက် အတွေးနယ်ချဲ့နေတာလဲ.."

သူ့ကိုကြည့်ကာ ခင်ဘုန်းဆင့်ကမေး၏။ သူက ..

"ဆင့်ဆင့်ကို ပြောစရာစကားရှိလို့"

"ပြောစရာရှိရင်ပြောလေ.. ဒီလောက် တွေးနေရသလား"

သို့သော် .. သူပြောမည်ပြင်နေစဉ်မှာပင် , သူ့လက်ကိုင်ဖုန်းက မြည်လာ၏။ တစ်ဖက်ကပြောသူမှာ၊ မင်းဇော်ဖြစ်သည်။ သူ့လေသံကား. စိုးရိမ်တကြီးလေသံပင်ဖြစ်သည်။

သွားပါပြီ။

မင်းဇော်ဖုန်းကြောင့် သူ့ စိတ်ကူးယဉ် အိပ်မက်ကလေးမှာ သဲထဲရေသွန်ဖြစ်၍ သွားပါလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



သူဆုတ်ကိုင်ထားသော ကောင်ကလေး၏လက်တွေက လှုပ်ရှားလာတာ၊ခင်ဘုန်းဆင့် သတိထားလိုက်မိသည်။နောက်တော့ ကောင်လေး၏ မျက်လုံးတွေက ဖြည်းညှင်းစွာပွင့်လာ၏။



www.burmeseclassic.com

www.burmeseclassic.com


## ( ၈ ) သံသရာအကျဉ်းသား

"ဘာဖြစ်တာလဲ.."

သူ ..မျက်စိမျက်နှာပျက်နေတာကိုမြင်ပြီး၊ ခင်ဘုန်းဆင့်ကမေးသည်။ ကျော်လင်းဝေက ..

"မင်းဇော် ဆေးရုံကနေဆက်တာ။ ဝတ်ရည်ဆေးရုံရောက်နေလို့တဲ့"

"ဟင် .. ဘယ်လိုဖြစ်တာလဲ.."

"သူတို့ တိုက်လေ့ကားပေါ်က ချော်ကျတာတဲ့.. ငါ



www.burmeseclassic.com

www.burmeseclassic.com

လည်း ကောင်းကောင်းမသိသေးဘူး။ဟိုရောက်မှသိရမှာ”

သူတို့ ကား တစ်ယောက်တစ်စီးစီဖြင့်၊ ကရဝိတ်မှ ဆေးရုံသို့ထွက်ခဲ့သည်။နာမည်ကြီး ပုဂ္ဂလိကဆေးရုံတစ်ရုံမှာ ရောက်ရှိနေခြင်းဖြစ်သည်။ဒေါ်အိုစာစကား မှန်ပြန်ပြီလား။ ဝတ်ရည် ဘာမှ ကြီးကြီးကျယ်ကျယ် မဖြစ်ပါစေနဲ့။ ကား မောင်းရင်း ခင်ဘုန်းဆင့်က ဆုတောင်းလာခြင်းဖြစ်သည်။

ဆေးရုံတွင် မင်းဇော်နှင့်တွေ့မှ အကြောင်းစုံ သိရသည်။ ဆိုင်သိမ်းပြီး သူနေသည့် အခန်းသို့ ပြန်သွားသော ဝတ်ရည်သည်၊လှေကားမှခြေချော်လိမ့်ကျကာ..ဒဏ်ရာရသွားခြင်းဖြစ်သည်။

ဝတ်ရည်တို့အခန်းက ရှစ်ထပ်တိုက်တိုက် တစ်လုံး၏ တတိယထပ်တွင်ရှိသည်။ဝတ်ရည်၏အဒေါ်က.. အခန်းနီးချင်းများအကူအညီဖြင့် ဆေးရုံသို့ပို့ခဲ့ပြီးမှ၊မင်းဇော်ထံဖုန်းဆက် အကြောင်းကြားခြင်းဖြစ်သည်။ ခေါင်းနှင့်ကိုယ်တွင် ပေါက်ပြဲဒဏ်ရာတချို့ ရရှိသွားသော်လည်း ဆရာဝန်က မစိုးရိမ်ရပါဟုပြောသည်။သို့သော်. လှေကားပေါ်က ခြေချော်ကျသွားစဉ်ကစ၍ ယခုအချိန်အထိ ဝတ်ရည်က.. သတိပြန်လည်မလာသေး။ဒါကြောင့် မင်းဇော်က စိုးရိမ်ပူပန်နေခြင်း





ဖြစ်၏။

ဝတ်ရည်ကို သီးသန့်ခန်းတစ်ခန်းတွင်ထားသည်။ကုတင်ဘေးတွင် ဘုရားစာရွတ်ဖတ်နေပုံရသော၊ဝတ်ရည်၏အဒေါ်ဆိုသူကိုပါ တွေ့ရ၏။

“သူတို့လှေကားလေးတွေက ကျဉ်းတယ်။အဲဒီအချိန်က လှေကားမှာထားတဲ့ မီးလုံးကလည်း ပျက်နေတယ်။သူ့အော်သံကြားလို့သာ.. လိမ့်ကျတာသိလိုက်ရတာ။ သူ .. ဘာတွေဖြစ်ခဲ့တယ် ဆိုတာကိုတော့ ဘယ်သူမှမသိသေးဘူး”

မင်းဇော်က သူသိသလောက် ရှင်းပြနေသည်။ ခင်ဘုန်းဆင့်က ကောက်ရကိုသတိရသွားကာ..

“ငါလည်း ..ဆေးရုံကြီး သွားလိုက်ဦးမယ်။ ကောင်လေးအခြေအနေက ဘယ်လိုလဲမသိရသေးဘူး။ သူလည်း အခုအချိန်အထိ သတိမရသေးဘူး”

“ငါ လိုက်ခဲ့ရဦးမလား”

ကျော်လင်းဝေက ပြောလိုက်၏။ ကောက်ရကို သူလည်း တစ်ခါမှမဆုံရသေး။

မင်းဇော်က ..

“လိုက်သွားလေ။ဒီမှာလည်း ဘာအလုပ်မှမရှိပဲ။ ငါ


www.burmeseclassic.com

www.burmeseclassic.com



တော့ စိတ်ဝင်စားသွားပြီ"

"ဘာကိုလဲ .."

"မင်းတို့ပြောတဲ့ အဘွားကြီးကိုပေါ့"

"အခုတော့ အချိန်မရှိတော့ဘူး။ မနက်ကျတော့မှ သွားကြတာပေါ့"

"မင်းတို့နှစ်ယောက် ဒီကိုပြန်လာကြဦးမယ်မဟုတ်လား"

သူတို့နှစ်ယောက် ထွက်သွားကာနီးတွင် မင်းဇော်က ပြောလိုက်ခြင်းဖြစ်သည်။ကျော်လင်းဝေက ခေါင်းညိတ်ပြခဲ့၏။ဒီနေ့ညတော့ အိမ်ပြန်နောက်ကျမှာ သေချာသည်။ သူရော ခင်ဘုန်းဆင့်ပါ... အိမ်ကို အပြန်နောက်ကျမည့်အကြောင်း၊ ဖုန်းဖြင့်အကြောင်းကြားရမည်။ သူတို့အိမ်တွေအတွက်ကတော့ ဤကိစ္စက အဆန်းတကျယ်မဟုတ်။

မဂ္ဂဇင်းဖေါင်ပိတ်ရက်ဆိုလျှင် တစ်ခါတစ်ရံမဂ္ဂဇင်းတိုက်၌ပင် မိုးစင်စင်လင်းခဲ့ကြတာတွေရှိသည်။ကောက်ရဆိုသောကလေးကို ကျော်လင်းဝေလည်း၊ယခုသာတွေ့ဖူးသည်။ ကဇလေးက ၊ တောက်လျှောက်ပင် သတိလစ်နေဆဲရှိသည်။

ကောက်ရကိုကြည့်ပြီး ခင်ဘုန်းဆင့်မျက်လုံးထဲတွင်၊ မျက်ရည်ကလေးတွေ ဝေ့ဝဲနေတာတွေ့ရသည်။ဘာမှမဟုတ်ပေမယ့် သံယောဇဉ်ဆိုတာက ငြိတွယ်မိလျှင် ဖြတ်ရခက်သော ခံစားမှုသာဖြစ်သည်။

"သူ့အိမ်ကို အဆက်အသွယ် မရသေးဘူးလား"

ကျော်လင်းဝေကမေးတော့ ခင်ဘုန်းဆင့်က ခေါင်းခါပြ၏။

"သူမှ ဘာမှမပြောနိုင်ပဲ။ သူဘယ်မှာနေတယ် ဆိုတာ သူသတိရလို့ ပြောမှသိရမှာ"

ကောင်လေး၏ ခေါင်းအုံးဘေးတွင် ခင်ဘုန်းဆင့်ပေးထားသော ကားရောင်စုံကလေးတွေရှိနေ၏။ ခင်ဘုန်းဆင့်က ကောင်လေး၏လက်ကလေးတွေကို ဆုတ်ကိုင်ကာ၊ တိုးတိုးပြောသည်။

"မင်း .. ဘယ်လောက်ထိ ကြာအောင်မေ့နေမှာလဲ ကောက်ရရယ်။ မြန်မြန်သတိပြန်ရပါတော့"

သူပြောပြီး မကြာမီမှာပင်၊ သူဆုတ်ကိုင်ထားသော ကောင်ကလေး၏လက်တွေက လှုပ်လာသည်ကို ခင်ဘုန်းဆင့် သတိထားလိုက်မိသည်။ နောက်တော့ ကောင်လေး၏မျက်လုံးတွေက ဖြည်းညှင်းစွာပွင့်လာ၏။

ခင်ဘုန်းဆင့် ဝမ်းသာသွားသည်။

"ကောက်ရ .. ကောက်ရ ..မင်းသတိရလာပြီနော်"

ကောင်လေးက ခေါင်းကိုမသိမသာညိတ်ပြ၏။ သို့



www.burmeseclassic.com

www.burmeseclassic.com

သော် အားဖျော့နွမ်းနယ်ဟန်ပေါက်နေ၏။

ခင်ဘုန်းဆင့်က ..

"မင်း ငါ့ကို မှတ်မိတယ်မဟုတ်လား"

ခေါင်းညိတ်ပြပြန်သည်။ ဘေးမှကျော်လင်းဝေက..

"ကလေး မင်းဘယ်မှာနေတာလဲဟင် .. ပြောပြပါလား။ ဒါမှ မင်းအိမ်ကို ငါတို့အကြောင်းကြားနိုင်မှာ"

ကောင်လေးက သူ့နှုတ်ခမ်းတွေကိုအားယူကာလှုပ်သည်။ စကားပြောနိုင်ဖို့အတွက် အင်မတန်ကိုကြိုးစားနေရကြောင်း သိသာသည်။ သို့သော် သူ့အသံတွေက တိုးတိမ်လွန်းအားကြီးသည်။

ဘာမှမကြားရ ..

ထို့ကြောင့် ခင်ဘုန်းဆင့်က သူ့ခေါင်းကိုကောက်ရ၏ မျက်နှာပေါ်ကိုင်းညွတ်ကာ၊ နားထောင်ဖို့ကြိုးစားစဉ်မှာပင် ..

ကောက်ရသည် မေးတစ်ချက်ထိုးကာ၊ခေါင်းကတစ်ဖက်သို့ စောင်းငဲ့ကျသွားလေသည်။ ဘေးကကြည့်နေသောကျော်လင်းဝေက သဘောပေါက်လိုက်၏။

ခင်ဘုန်းဆင့်က ..





"ကောက်ရ .. ကောက်ရ"

ဟု၊ကောင်လေးကိုယ်ကို လှုပ်ကာခေါ်သည်။ကောင်လေးမျက်လုံးတွေက၊ ပွင့်မလာတော့။အနားတွင်ရပ်နေသည့် သူနာပြုဆရာမလေးက ..

"သူ အသက်မရှိတော့ပါဘူး"

ဟုပြောလိုက်လေသည်။ခင်ဘုန်းဆင့် ဟန်မဆောင်နိုင်တော့။ မျက်လုံးအိမ်ထဲမှ မျက်ရည်စတစ်ချို့ လိမ့်ဆင်းကျလာလေသည်။ ထိုအခိုက်မှာပင် ကျော်လင်းဝေ ဖုန်းကမြည်လာ၏။

တစ်ဖက်ကဖုန်းဆက်သူမှာ မင်းဇော်ဖြစ်သည်။

ကျော်လင်းဝေ အထိတ်တလန့်ဖြစ်သွား၏။ဤဘက်တွင် တစ်ယောက်သေဆုံးသွားခိုက်၊ နောက်ထပ်စိတ်ထိခိုက်စရာ သတင်းကို ကြားရလေဦးမလား စိုးရွံ့သွား၏။ ဝတ်ရည်အခြေအနေရော ဘယ်လိုရှိသလဲ။ ဒဲ့ဒိုးလည်း မေးဖို့ရာမဝံ့ရဲ။

"မင်းဇော် .. ဘာထူးသလဲ.."

ဟုသာမေးလိုက်၏။အကြောင်းမထူးပဲနှင့် မင်းဇော်က ဖုန်းဆက်စရာ အကြောင်းမရှိ။

"ထူးတယ်ကိုဝေ .. ထူးလို့ဖုန်းဆက်လိုက်တာ။ဝတ်


www.burmeseclassic.com

www.burmeseclassic.com

ရည် သတိရလာပြီ"

"ဟုတ်လား .. ဘယ်တုန်းကလဲ"

"အခုပဲကွ။ မင်းတို့ဝမ်းသာရအောင် ဖုန်းလှမ်းဆက်လိုက်တာ .. နွှင့်ဆင့်ကိုလည်း ပြောလိုက်နော်"

"အိုကေ .."

ကျော်လင်းဝေက ဖုန်းပိတ်လိုက်သည်။ မင်းဇော်အသံက အတော်ပင်ဝမ်းသာအားရဖြစ်နေပုံရသည်။ဝမ်းသာနေသဖြင့် ဒီဘက်က ကောက်ရအခြေအနေကိုပင်၊ မေးမြန်းဖို့မေ့လျော့နေဟန်တူ၏။ ခင်ဘုန်းဆင့်က မေးသည်။

"ဘာလဲ.."

"ဝတ်ရည် သတိရလာပြီတဲ့"

သူတို့နှစ်ယောက်လုံး တစ်ခုခုကိုတွေးမိလိုက်သည်။ ကောက်ရကွယ်လွန်ချိန်နှင့်၊ဝတ်ရည်သတိရလာချိန်တို့ တိုက်ဆိုင်နေခြင်းကိုပင် ဖြစ်လေသည်။





နောက်တစ်နေ့တွင်.. သူတို့သုံးယောက် ကျော်လင်းဝေကားဖြင့် မင်္ဂလာဒုံဘက်သို့ထွက်လာခဲ့သည်။ ကျော်လင်းဝေကကားမောင်းလာကာ သူ့ဘေးတွင် မင်းဇော်ကထိုင်ကာလိုက်ပါလာ၏။ ကားနောက်ခန်းတွင်တော့၊ ခင်ဘုန်းဆင့်သည် ငြိမ်သက်တိတ်ဆိတ်စွာ လိုက်ပါလာလေသည်။

မနေ့ညက ကောက်ရသေဆုံးခဲ့ခြင်းက.. ယခုအချိန်အထိတိုင်၊ သူ့စိတ်ကို ထိခိုက်နေဟန်ရှိသည်။ကျော်လင်းဝေကိုယ်တိုင်ပင် ကောက်ရနှင့်မခင်မင်ခဲ့ရသော်လည်း ကောက်ရ ကွယ်လွန်သွားသည်ကို ကြည့်ပြီး မနေ့ညက၊ကြေကွဲခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်မဟုတ်လား ..။

"ဝတ်ရည်ရဲ့ အခြေအနေကရော ဘယ်လိုလဲ"

"ကောင်းပါတယ်။ ခန္ဓာကိုယ်အတွင်းပိုင်းမှာ ဘာမှ ထူးထူးခြားခြား ထိခိုက်မှုမရှိတော့ နှစ်ရက်သုံးရက် လောက်စောင့်ကြည့်ပြီးရင်၊ ဆေးရုံကဆင်းနိုင်ပြီလို့ ဆရာဝန်ကြီးက ပြောတယ်"

ကျော်လင်းဝေကမေးသည်ကို.. မင်းဇော်ကဖြေလိုက်ခြင်းဖြစ်သည်။ မင်းဇော်က ..

"သူကလည်း ဒီကိစ္စကိုစိတ်ဝင်စားနေတယ်... ဒီနေ့ စောင် လိုက်လာချင်တာ၊ သူ့အခြေအနေနဲ့ လိုက်မဖြစ်လို့"

"ကိစ္စမရှိပါဘူးကွာ။ သူ.. သွားချင်တယ်ဆိုရင် သူ ဆေးရုံကဆင်းလာမှ နောက်တစ်ခေါက်သွားကြတာပေါ့"

"ဝတ်ရည်က ဓါတ်ပုံထဲက မိန်းကလေးက သူနဲ့တူတယ်ဆိုတာကို စိတ်ဝင်စားနေတာ.. ငါလည်းဒီလိုပဲ .. မမြင်ရမချင်းတော့ အဲဒါကိုမယုံနိုင်သေးဘူး"

"ဟုတ်ပါတယ်။ တို့ ကြုံခဲ့ရတာတွေက ကိုယ်တွေ့သာမဟုတ်ရင်၊ ယုံကြည်ဖို့ကောင်းတဲ့ ကိစ္စတွေ မ





ဟုတ်ပါဘူး။ မင်း ဟိုရောက်တော့ တွေ့လိမ့်မယ်"

သို့သော် သူတို့ ထိုအိမ် ရောက်သွားသောအခါ၊အဖွားကြီးကို မတွေ့ရ။ အိမ်ထဲအိမ်ပြင် ရှာကြည့်သော်လည်း အရိပ်အယောင်မျှ မတွေ့ရ။

မင်းဇော်က ..

"အိမ်က ထွက်သွားတာလား"

"မဖြစ်နိုင်ဘူး။ ထွက်သွားရင် အိမ်တံခါး ပိတ်ခဲ့ရမယ်"

"သူ့အိမ်က ဘာမှ.. ယူစရာမှမရှိပဲ"

"သူ့အိမ်က ထွက်သွားမယ်ဆို.. အဝတ်အစားအသုံးဆောင်တွေတော့ ယူသွားရမှာပေါ့..၊အခုတော့ ဘာမှ ခြေရာလက်ရာမပျက်ဘူး"

ကျော်လင်းဝေက.. တွေးတွေးဆဆပြောလိုက်သည်။ ခင်ဘုန်းဆင့်က ..

"ဟို ဓါတ်ပုံလေးတော့ မရှိတော့ဘူး"

ဟု ဆိုသဖြင့်ကြည့်လိုက်သည်။ မှန်ပါသည်။ယခင်အခါများက စားပွဲပေါ်တွင်အမြဲရှိတတ်သော.. ထိုဓါတ်ပုံကလေးကို မတွေ့ရတော့။ဒါကလေးကို တွေ့ရမှဖြစ်ပေမည်။

ဒါမှသာ.. သူတို့ပြောစကားကို မင်းဇော် ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com

အောင်သက်သေပြနိုင်မည်။ကျော်လင်းဝေက အဖွားကြီးအိပ်ယာဘေးတွင်တွေ့ရသော၊ထန်းခေါက်ဖါအဟောင်းလေးတစ်လုံးကို ဖွင့်လိုက်၏။

ခင်ဘုန်းဆင့်က ..

"ဒါ .. အဖွားပစ္စည်းတွေလေ။ ပိုင်ရှင်မသိပဲ စုလို လုပ်တာ မကောင်းဘူး"

ဟု တားသော်လည်း ကျော်လင်းဝေက ဂရုမစိုက်။ မင်းဇော်ကို သက်သေပြချင်စိတ်က ပြင်းပြနေသည်။ အထဲတွင်.. အဖွား၏အဝတ်အစား အနည်းငယ်ခေါက်ထည့်ထားသည်။

မှောက်ထားသော ဓါတ်ပုံစတန်းလေးကိုတွေ့သဖြင့် ကောက်ယူကာ၊ မင်းဇော်အားပြလိုက်သည်။မင်းဇော်ကမျက်တောင်မခတ်နိုင်ပဲ ဓါတ်ပုံထဲကမိန်းကလေးကို စိုက်ကြည့်နေမိသည်။ ဒီဓါတ်ပုံက ဟိုးလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က ဓါတ်ပုံ။ သို့သော် .. ဓါတ်ပုံထဲကမိန်းကလေးက တကယ်ပင် ဝတ်ရည်နှင့် ခွဲမရအောင်တူနေလေသည်။ အခုတော့ ကျော်လင်းဝေတို့စကားကို မယုံချင်၍မရတော့။

"ဟာ .. ဒါတွေက ဘာတွေလဲ"

ခင်ဘုန်းဆင့်က၊ အလန့်တကြားရည်ရွတ်လိုက်ခြင်း





ဖြစ်သည်။ ကြည့်ပြီး ထန်းခေါက်ဖါလေးထဲက ကားရုပ်ကလေးနှစ်ရုပ်ကို ဆွဲထုတ်လိုက်၏။

"ဒါတွေက ငါ.. မီးပွိုင့်မှာဆုံတုန်းက ကောက်ရကို ပေးခဲ့တဲ့ ပစ္စည်းတွေပဲ။ ဒီ ကားရုပ်ကလေးတွေက ဘာလို့ အဖွားဆီရောက်နေရတာလဲ.."

သူ့ပုံမှာ၊ တကယ်ပင် အထိတ်တလန့်ဖြစ်နေသည်။ ကျော်လင်းဝေကတော့ ခေါင်းအေးအေးထားစဉ်းစားကာ..

"ကောက်ရဆိုတာက အဖွားရဲ့ မွေးစားသားပဲ။ ဒါကြောင့်သာ ဒီအရုပ်ကလေးတွေက.. ဒီမှာရှိနေတာပေါ့"

"အဖွားကိုတွေ့လိုက်ရင် ဒီကိစ္စတွေ ရှင်းသွားမှာပဲ။ တွေ့မှဖြစ်မယ်။ သူ့ကို ကောက်ရအကြောင်းလည်း ပြောပြရမယ်လေ"

သူတို့သုံးယောက်လုံးပင်.. အဖွားအိုကို တွေ့ချင်နေသည်။သူက တစ်ခါတစ်လေရွာထဲသွားကာ၊ ဈေးဝယ်တတ်သည်။ အနီးဆုံးတဲကိုသွားကာ မေးကြည့်တော့ တဲရှင်လင်မယားက တစ်ယောက်တစ်ပေါက်ပြောပြသည်။

"ဒေါ်အိုစာကိုမတွေ့တာ နှစ်ရက်သုံးရက်ရှိပြီ..၊ သူ့သမီးမရှိကတည်းက.. ကောက်ရတဲ့ ကလေးကိုမွေး



www.burmeseclassic.com

www.burmeseclassic.com

စားပြီး သူမြေးလိုမှတ်လာတာ။ ဒီကောင်လေးက ပြန်မလာတော့ စိတ်ဖေါက်ပြီး၊ခြေဦးတည့်ရာထွက်သွားပြန်ပြီထင်တယ်"

"သူ့သမီးသေတုန်းကလည်း ဒီလိုပဲတစ်ခါထွက်သွားတယ်။ထွက်သွားရင်လည်း သုံးလေးနှစ်ကြာတယ်"

"ဘယ်တော့ ပြန်လာမလဲဟင်"

"ဘယ်သိနိုင်ပါ့မလဲ.."

"ဘယ်ကိုသွားတာလဲ.."

"အဲဒါလည်း မပြောနိုင်ဘူး"

အနုတော့ လမ်းဆုံးလေပြီ။ သူတို့သုံးယောက်လက်လျှောက်ကာ ပြန်လာခဲ့ကြသည်။ကားရုပ်ကလေးနှစ်ရုပ်ကို ခင်ဘုန်းဆင့်က ယူလာခဲ့၏။ (ကောက်ရ၏အသုဘကိစ္စကိုပြီးဆုံးအောင် သူတို့ကပင် ဆောင်ရွက်ပေးခဲ့ကြသည်။ကောက်ရ၏ ခေါင်းပိတ်မည်ပြုသောအခါ၊ခင်ဘုန်းဆင့်က ထိုကားလေးများကို အလောင်းနှင့်အတူ ထည့်ပေးလိုက်လေသည်။)

မင်းဇော်ကမူ ခါတ်ပုံကလေးကို.. ဝတ်ရည်ကိုပြရန် ယူဆောင်လာခဲ့၏။ ဝတ်ရည်သည်.. ထိုပုံကလေးကို မြင်ရသောအခါ အထူးပင် အံ့အားသင့်၍နေလေသည်။





ထိုကိစ္စများဖြစ်ပွားပြီးနောက် ... နောက်သုံးနှစ်ခန့်ကြာသောအခါ ..

နာမည်ကြီးဟော်တယ်တစ်ခုတွင် ကျော်လင်းဝေနှင့် ခင်ဘုန်းဆင့်တို့ လက်ထပ်ခဲ့ကြလေသည်။ လက်ထပ်ပွဲကို မင်းဇော်နှင့်ဝတ်ရည်တို့ လာသောအခါ သူတို့၏အခါလည်သာသာခန့်ရှိသော၊သားကလေးကိုလည်း ခေါ်လာလေသည်။ ထိုကလေး၏နဖူးတွင် မွေးရာပါအမာရွတ်ကလေးတစ်ခုရှိနေလေသည်။

(စိတ်ရောကိုယ်ပါ ချမ်းမြေ့ပါစေ)

ဒေဝစကြာ

၂၀၀၀ အောက်တိုဘာ



BURMESE CLASSIC .com
www.burmeseclassic.com